စိတ်ကူးချိုချိုအနုပညာ

# ကျွန်တကာ့ကျွန်
# ခေါ်
# လယ်သမားအရေး


## သခင်ဗစိန်



ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

လယ်သမားအရေးသည် ကမ္ဘာ့ရာဇဝင် တစ်လျှောက်လုံးတွင် တိုင်းနိုင်ငံ အသီးသီးတို့၌ စဉ်းစားတတ်သူ၊ ခေတ်ကိုပြုပြင်ချင်သူတို့မှစ၍ အစိုးရလုပ်သူတို့၏ ဦးနှောက်များကို အထူးချာလပတ် ခေါင်ချာစိုင်းစေသော 'မူလဘူတအဓိကလက်ဟောင်း ပြဿနာကြီး' ဖြစ်ပေ၏။ ခရစ်ယာန်ကမ္ဘာဦးကျမ်းတို့၌၊ အာဒံနှင့်ဧဝတို့၏ သားမြေးများသည် လယ်မြေအဝေမညီမှုကြောင့် အိုးစားကွဲကြကုန်၏။ ရှေးဟောင်းရောမရာဇဝင်တွင် ပညာရှိကြီးဆိုလုံ Solon သည် ခေတ်အရင်ကျသော လယ်မြေဥပဒေတို့ကို ဦးစွာတီထွင်ခြင်းကြောင့် မသိသား ဆိုးရွားသော မိမိ၏တိုင်းသူပြည်သားတို့နှင့်ပင် မသင့်မတင့် ဖြစ်ခဲ့ရ၏။ ခေါင်းဆောင် ဂရက်ကီညီနောင် (Gracchi Brothers) မှာလည်း၊ ခေတ်ရှေ့သို့ကူးကာ အထူးအမြင်ကျယ်သော လယ်မြေပိုင်ဆိုင်ခွင့် ပြုပြင်ရေးကြောင့် ဓနရှင်လူမသမာတို့၏လက်ချက်ဖြင့် အသက်ဆုံးရှုံးရရှာလေသည်။




ISBN 9789997114273
HI531
9 789997 114273
2,300.00KS

mgyoe.com

ကျွန်တကာ့ကျွန်ခေါ်လယ်သမားအရေး သခင်ဗစိန်
စာမျက်နှာ ၁၅၉++ မျက်နှာ၊ ၁၆ စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဒီဇင်ဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
ဗမာပြည်လက်ဝဲစာအုပ်အသင်းထုတ်မူ၊

ရောင်းဈေး ၂၃၀၀ ကျပ်

*email: skccph@gmail.com : P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကျွန်တကာ့ကျွန်
# ခေါ်
# လယ်သမားအရေး
# သခင်ဗစိန်

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


* နိဒါန်း ... က
* အချီးစကား ... ဃ
  - လယ်သမားအရေး၏ သဘော ... ဃ
  - လယ်သမားများ၏ဝန် ... င
  - လယ်သမားများ၏ အခြေ ... စ
  - ကံ ဉာဏ် ဝီရိယ မကောင်းလို့ ဆင်းရဲရခြင်းလော ... ဆ
  - အသုံးအဖြုန်း အပျော်အပါးအတွက် မွဲရခြင်းလော ... ည
  - မြန်မာလယ်သမားများ မည်သည့်အတွက် ဆင်းရဲရသနည်း ... ဋ
  - မြန်မာစနေ အရင်းအနှီးမရှိခြင်း ... ဌ
  - မြန်မာတို့၏ စီးပွားရေး ပညာများ တိမ်ကောရခြင်း ... ဍ
  - ကမ္ဘာတွင် ကုန်ဈေးကျခြင်း ... ဍ


mgyoe.com

mgyoe.com

– ရွှေစံချိန်နှုန်း အပြောင်းအလဲ ၈
– ကုန်ကြမ်းများကို ဈေးအပေါဆုံးနှင့် ရောင်းရခြင်း ၈
– မြန်မာလယ်သမားသည် ခေတ်မမီ ဏ
– ဓနရှင်စနစ်အရ ဏ

၁။ လယ်မြေနှင့် ပတ်သက်၍ ဗြိတိသျှတို့၏ ပေါ်လစီ ၁
– လယ်ယာစိုက်ပျိုးရေးကို တိုးချဲ့ခြင်း ၃
– ဗြိတိသျှတို့၏အကြံ ၄
– အိန္ဒိယက မြန်မာထက် ဗြိတိသျှ အသုံးတော်ကို ခံတတ်ခြင်း ၆
– မြန်မာပြည်သို့ အိန္ဒိယဝင်လာသော စာရင်း ၇
– လယ်ယာစိုက်ပျိုးရေး၊ ငွေရေးကြေးရေးနှင့် ဗြိတိသျှ ပေါ်လစီ ၁၀
– ငွေချေးသောလုပ်ငန်း ၁၁
– ချစ်တီးပေါ်လာခြင်း ၁၂
– အိန္ဒိယကိုလိုနီ ၁၄

၂။ အခွန်တော် ၁၆
– လူခွန်နှင့် သဿမေဒ ၁၆
– မြေခွန်တော်နှုန်း မတရားခြင်း ၁၇
– ကြေးတိုင် ၁၈
– လယ်မြေခွန်နှင့် အမြတ်တော်ကြေးခွန် ၁၉
– လယ်ခွန်နှုန်းနှင့် ဆန်စပါးဈေး ၂၀
– လယ်မြေပေါ်တွင် ကောက်သော အခွန်နှုန်း နည်းရမည် ၂၀

mgyoe.com

mgyoe.com

– အခွန်ထမ်းဆောင်သူက အခွန်ကို နားလည်ရမည် ၂၁
– လယ်ခွန်ကို အမြတ်တော်ကြေးနှုန်းသို့ ပြောင်းရန် ၂၂

၃။ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဘဏ္ဍာရေး ၂၃
– အမတော်ငွေ ၂၄
– ကြီးပွားတိုးတက်ရေး ရန်ပုံငွေ ၂၆
– သမဝါယမ ၂၆
– သမဝါယမစနစ်အသစ် ၂၇

၄။ မြန်မာတောင်သူလယ်သမားများ၏ လက်ရှိ အခြေအနေ ၃၀
– လယ်ယာကိုင်းကျွန်း အလုပ်သမားတို့၏အား ၃၁
– လယ်သမားများ၏ နစ်နာချက်များနှင့် ဆင်းရဲဒုက္ခများ ၃၄
– တည်တံ့သော အလုပ်မရှိခြင်း ၃၆
– ကြွေးမြီစေ့စပ်ရေး ၃၈

၅။ လယ်မြေနှင့် ပတ်သက်သော ပြဿနာများ ၄၀
– ဒေါက်တာဘမော်အစိုးရ ၄၂
– ဦးပုအစိုးရ ၄၅

၆။ လယ်ပေါင်ခံဘဏ် ၄၈
– လယ်ပေါင်ခံဘဏ် နစ်မျိုး ၄၉

mgyoe.com

mgyoe.com


- လယ်ပေါင်ခံဘဏ်၏ မူလရာဇဝင် အကျဉ်းချုပ် ၅၁
- သခင်ဗစိန်၏ သဘောထား ၅၅

၇။ လယ်သမားများနှင့် သက်ဆိုင်သော ဥပဒေများ ၅၉
- လယ်သီးစားဥပဒေကို စိစစ်ချက် ၆၀
- လယ်သီးစားခနှုန်း သတ်မှတ်ရန် ၆၅
- လယ်သမားများ လယ်လက်မဲ့ဖြစ်ခြင်း ၆၈
- လယ်မြေလွှဲပြောင်းရေး ဥပဒေ ၇၀

၈။ အစိုးရ၏ အခြားလုပ်ငန်းများ ၇၄
- လယ်ယာစိုက်ပျိုးရေးနှင့် ကျွဲနွား တိရစ္ဆာန် ကုသရေးဌာနများ ၇၄
- 'ကိုလိုနီ' သီးသန့်လယ်မြေတည်ထောင်ရေး လုပ်ငန်း ၇၇
- စစ်တောင်းကိုလိုနီတွင် လုပ်ပုံ ၇၈
- ပြင်ဒရယ်ကြိုးဝိုင်း ၈၀

၉။ ဗြိတိသျှဝါဒနှင့် စက်မှုလက်မှုလုပ်ငန်းများ ၈၃
- ဗြိတိသျှနေရှင်တို့၏ အကျိုးအတွက် မြန်မာပြည်ကို ဗြိတိသျှတို့ အုပ်ချုပ်ခြင်း ၈၄
- ဗြိတိသျှ ပေါ်လစီကြောင့် မြန်မာတို့၏ လက်မှုပညာလုပ်ငန်းများ ပျက်စီးရခြင်း ၈၅
- လယ်ယာစိုက်ပျိုးရေး လုပ်ငန်းသည် ခေတ်နှင့် ဝေးခြင်း ၈၆


mgyoe.com

mgyoe.com


– မြန်မာလုပ်ငန်းကလေးများ ပျက်စီးရပုံ ၈၈
– လယ်အလုပ်အပြင် အခြားလုပ်ငန်းများကို ၉၀
အားမပေး
– မြန်မာများ၏ လုပ်ငန်းသစ်များ တီထွင်ရန် ၉၂

၁၀။ ငါတို့၏ လုပ်ငန်းအစီအစဥ်များ ၉၅
– လယ်ယာစိုက်ပျိုးမှု လုပ်ငန်းအတွက် ၉၅
ကြေးငွေ လုံလုံလောက်လောက် ပေးရန်
– မတရားသော ဝန်ထုပ်များကို ဖယ်ရှားပစ်ရန် ၉၇
– မြေပိုင်ရှင် အတန်းအစားကို ဖျက်ပစ်ရန် ၉၉
– လုပ်ငန်းသစ်အမျိုးမျိုး တီထွင်ပေးရန် ၁၀၀
– မြန်မာပြည်၏ ထွက်ကုန်နှင့် ဝင်ကုန်အုပ်ချုပ် ၁၀၁
သော ဘုတ်အဖွဲ့ကို အစိုးရက ဖွဲ့ရန်

၁၁။ မြေယာနှင့် သက်ဆိုင်သော ဥပဒေများ ပြဋ္ဌာန်းရန်
ကြံရွယ်ခဲ့ခြင်း ၁၀၆
– ခနရှင်များ ဂုဏ်ယူရန် ၁၀၈
– ခနရှင်များ သွေးစည်း ကန့်ကွက်ခြင်း ၁၀၈
– ဒေါက်တာဘမော်၏ ဥပဒေကြမ်း ၁၀၉
– တင်းမှန်သတ်မှတ်ရေး ဥပဒေကြမ်း ၁၁၀
– ဦးစော၏ သီးစားခန့်ခွဲ ဥပဒေကြမ်း ၁၁၀
– မြေယာခွဲဝေပေးရေး ဥပဒေကြမ်း ၁၁၁
– ဦးဘရင်၏ ဥပဒေကြမ်း ၁၁၁
– ဦးဘအုန်း၏ မြေယာကာကွယ်ရေး ၁၁၂
ဥပဒေကြမ်း


mgyoe.com

mgyoe.com


၁၂။ အမတော်ငွေ လျှော့ကျထားရန် နည်းလမ်းများ ၁၁၃
– ပြည့်စုံစွာ ဖော်ပြရန် အချက်များ ၁၁၄
– ပူးတွဲ၍ အာမခံနိုင်ပုံ ၁၁၅
– အဖိုးအခမရှိ ခေါင်းမကပ်ရ ၁၁၅
– အပြည့်အစုံမရလျှင် ဆိုင်ရာသို့ တိုင်တန်း ရမည် ၁၁၆

၁၃။ ၁၉၃၉ ခုနှစ်၊ မြန်မာပြည် သီးစားလုပ်ကိုင်မှုဆိုင်ရာ အက်ဥပဒေ ၁၁၈
– အတည်မဖြစ်သေးသောနယ်များ ၁၂၀
– အခွန်တော် အရာရှိများ ခန့်ထားခြင်း ၁၂၁
– မျှတသော သီးစားခအတွက် လျှော့ကျထားရန် ၁၂၁

၁၄။ မြေယာလွှဲပြောင်းရေး ဥပဒေ ၁၄၇
– ပန်ဂျပ်ပြည်၌ ဖြစ်ပျက်ခဲ့ပုံ ၁၄၇
– ဥပဒေနှင့်လူများကို မကယ်တင်နိုင် ၁၄၈

၁၅။ ၁၉၃၉ ခုနှစ် မြန်မာပြည် တင်းမှန်သတ်မှတ်ရေး အက်ဥပဒေ ၁၅၈


❒


mgyoe.com

mgyoe.com




မြန်မာပြည်လုံးဆိုင်ရာ တို့မြန်မာအစည်းအရုံးကြီး၏ ဝါဒဖြန့်ပွားရေးမှူး
အလုပ်အမှုဆောင်လူကြီး
သခင်ဝစိန်


mgyoe.com



သဿမေဓ ခွန်
လူ ခွန်
လယ် ခွန်
သီးစား ခွန်
ဧပါးတိုး ခွန်
ချစ်တီး ခွန်
နိုင်ငံခြားမှလာသော အဝတ်အစား ခွန်
ဗမာ ဆင်းရဲသား လယ်သမားများ


ဗြိတိသျှပေါလစီ
ဓနရှင်စနစ်
ဗမာဆင်းရဲသား
လယ်သမားများ

mgyoe.com



mgyoe.com

mgyoe.com



# နိဒါန်း

လယ်သမားအရေးသည် ကမ္ဘာ့ရာဇဝင် တစ်လျှောက်လုံးတွင် တိုင်းနိုင်ငံ အသီးသီးတို့၌ စဉ်းစားတတ်သူ၊ ခေတ်ကိုပြုပြင်ချင်သူတို့မှ စ၍ အစိုးရလုပ်သူတို့၏ ဦးနှောက်များကို အထူးချာလပတ် ခေါင်းချာ စိုင်းစေသော 'မူလဘူတအဓိကလက်ဟောင်း ပြဿနာကြီး' ဖြစ်ပေ၏။ ခရစ်ယာန်ကမ္ဘာဦးကျမ်းတို့၌၊ အာဒံနှင့်ဧဝတို့၏ သားမြေးများသည် လယ်မြေအဝေမညီမှုကြောင့် အိုးစားကွဲကြကုန်၏။ ရှေးဟောင်းရောမ ရာဇဝင်တွင် ပညာရှိကြီးဆိုလုံ Solon သည် ခေတ်အရင်ကျသော လယ်မြေဥပဒေတို့ကို ဦးစွာတီထွင်ခြင်းကြောင့် မသိသား ဆိုးရွားသော မိမိ၏တိုင်းသူပြည်သားတို့နှင့်ပင် မသင့်မတင့် ဖြစ်ခဲ့ရ၏။ ခေါင်းဆောင် ဂရက်ကီညီနောင် (Gracchi Brothers) မှာလည်း၊ ခေတ်ရှေ့သို့ကူးကာ အထူးအမြင်ကျယ်သော လယ်မြေပိုင်ဆိုင်ခွင့် ပြုပြင်ရေးကြောင့် ဓနရှင် လူမသမာတို့၏လက်ချက်ဖြင့် အသက်ဆုံးရှုံးရရှာလေသည်။

အင်္ဂလိပ်ရာဇဝင်တွင် ထင်ရှားသော ဆင်းရဲသား အရေးတော်ပုံ (Peasants Revolution) မှာလည်း လယ်မြေရေးနှင့် ပတ်သက်၍ ရှင်ဘုရင်နှင့် မြေပိုင်ရှင်ကြီးတို့၏ ဖိစီးညှဉ်းဆဲမှုကြောင့် ဖြစ်ပေါ်ရ၏။ ထို့ပြင်

mgyoe.com

mgyoe.com



ပြင်သစ်အရေးတော်ပုံ (French Revolution)မှစ၍ ရုရှားပြည် အောက်တိုဘာ အရေးတော်ပုံ (October Revolution)တွင် ဘုံဝါဒ ဆင်းရဲသားမင်း ဆင်းရဲသားချင်း ထူထောင်သည်အထိ ကမ္ဘာကို ချောက်ချား တုန်လှုပ်စေသော အဖြစ်အပျက်တို့မှာ အားလုံးစိစစ်လိုက်လျှင် အမြစ်(မြေ)ကပင် ဖြစ်တော့၏။

လူနှင့်မြေသည် ဒွန်တွဲနေ၏။ လူနှင့်မြေသည် ကိုင်းနှင့် ကျွန်းဖြစ်၏။ လူနှင့်မြေ သင့်တင့်ညီညွတ်ကြမှသာလျှင် ကမ္ဘာကြီး ပျော်ရွှင်ချမ်းသာနိုင်မည် ဖြစ်လေသည်။

ထိုသို့သော ညီညွတ်ချမ်းသာမှုကို တားဆီးပိတ်ပင်နေသော ဆူးငြောင့်ခလုတ်များကား အသူတို့နည်း။ အဘယ်နည်း၊ မြေပိုင်ရှင်ဓနရှင်တို့နှင့် သူတို့ဘိုးစဉ်ဘောင်ဆက် ညစ်ပတ် ကိုယ်ကျိုးကြည့်ကာ တစ်ဖက်သတ် တီထွင်ခဲ့သော သူတို့၏ ဥပဒေတို့ပင် ဖြစ်တော့၏။ ဥပမာ အထူးပေးနေရန် မလိုချေ။ ငါတို့၏ ပတ်ဝန်းကျင်ကို ကြည့်ကာမျှနှင့် မသမာသူများနှင့် မတရားမှုများကို မျက်ဝါးထင်ထင် သိမြင်နိုင်လေသည်။ ယခု မြေပိုင်ရှင်များသည် အဘယ်ကြောင့် မြေပိုင်နေကြသနည်း။ ပိုင်ခြင်းဆိုသည်မှာ အဘယ်နည်း။ ပိုင်ခြင်းသည် တရားသလော၊ ပိုင်ခြင်းကို အကြောင်းပြု၍ မရှိသူနှင့်ရှိသူ၊ လူမွဲနှင့် ဓနရှင်တို့ ကွဲပြားကာ၊ ဤကမ္ဘာကြီး၌ မလိုအပ်သော လူအဆင့်အတန်း ခွဲခြားမှုများ ဖြစ်နေရသည်မဟုတ်ပါလော။ ကမ္ဘာဦးက လူသည် လူချင်းအတူတူ အခွင့်အရေးညီတူညီမျှနှင့် တရားနည်းလမ်းအတိုင်း နေခဲ့ကြ၏။ ယခု အဘယ်ကြောင့် ဓနရှင်၊ မြေပိုင်ရှင်ခေါ် လူတစ်စုသည် အလုပ်မလုပ်ဘဲ အခြားဆင်းရဲသားများ၏ ချွေးနဲ့စာကို အညွန့်ချူးကာ ဟန်ကြီးပန်ကြီး လုပ်နေကြသနည်း။ အစိုးရလုပ်သူများသည် ထိုအထက်တန်း အောက်တန်းတည်း ဟူသော လူနှစ်စားတွင် မည်သည့်ဘက်က အကျိုးကို အခြေခံ

mgyoe.com

mgyoe.com



ထား၍ အုပ်ချုပ်နေကြသနည်း၊ အုပ်ချုပ်ရေး ဥပဒေများသည် မည်သူ့အား ကာကွယ်နေသနည်း။

ဤသို့သော မေးခွန်းများကို အခြေပြုလျက် မိမိနှင့် သက်ဆိုင်ရာတိုင်းပြည်၏ အခြေအနေကို အကဲခတ်ပါက ကိုယ့်အမျိုး၊ ကိုယ့်တိုင်းပြည်မှစ၍ ကမ္ဘာတစ်ဝန်းတွင် ဆင်းရဲသား လယ်သမားများမှာ မည်မျှနစ်နာနေကြသည်ကို ယထာဘူတ သိရှိရမည် ဖြစ်၏။

သခင်ဗစိန်သည် ဤစာအုပ်၌ ကမ္ဘာတည်း ဟူသော 'ကားလိပ်ကြီး' ရှေ့တွင် မြန်မာလယ်သမားဇာတ်ကို အကွက်ကျကျ ခင်းကျင်းကပြစေ၏။ မြန်မာပြည် နိုင်ငံရေးတွင် ဘူးလုံးနားမထွင်း၊ ပြုတ်မနူး၊ ဖိုးအော်ချင်များနှင့် ရှုပ်ယှက်ခတ်လျက် (ရေသာများ၍ ငါးမတွေ့)နိုင်သော ခေတ်ဆိုးကြီး၌ ယခုကဲ့သို့ "အမျိုး၏ အဓိကပြဿနာကြီး" ကို ဂဃနဏ အသေးစိတ်ကာ ပိုင်းခြားဝေဖန်ပြသနိုင်ခြင်းမှာ ကောင်းမြတ်သော ထူးခြားခြင်းပေတည်း။

ကိုယ်ကျိုးရှာ လင်းတများ၊ လောက်များ၏ ပုတ်ခတ်ခြင်း၊ ကြောက်ရွံ့ခြင်းသည် တစ်နည်းအားဖြင့် သခင်ဗစိန်၏ လုပ်ရည်စွမ်းရည် ကိုယ်ရည်သွေးကို ထောက်ခံနေသကဲ့သို့ ဤစာအုပ်၏ နက်နဲထက်မြက်ခြင်းသည်လည်း သူ၏ ကလောင်စွမ်းကို ပိုမိုထင်ရှားစေမည်ဖြစ်ပေသတည်း။

သခင်ထွန်းအုပ်။

ဥက္ကဋ္ဌ

မြန်မာပြည်လုံးဆိုင်ရာ တို့မြန်မာအစည်းအရုံး။



mgyoe.com

mgyoe.com



## အချီးစကား

### (၁) လယ်သမားအရေး၏ သဘော

လယ်သမားအရေးဆိုရာ၌ လယ်ယာကိုင်းကျွန်းနှင့် ပတ်သက်၍ လုပ်ကိုင်စားသောက်ကြသော မြန်မာပြည်ရှိ လူများစု၊ ဆင်းရဲသား လူထုကြီး၏ အရေးကို ဆိုလိုသည်။ လယ်သမားအရေးတွင် လယ်ယာလုပ်ငန်းနှင့် ပတ်သက်သော ပြဿနာများနှင့် လယ်ယာကို လုပ်ကိုင်ကြသော အလုပ်သမားများ၏ အခက်အခဲ ဖြေဆိုချက်များ ပါရှိရပေမည်။

မြန်မာပြည်တွင် တောနှင့်မြို့ရှိရာ များစွာသော မြန်မာတို့သည် တောရွာများတွင်သာ နေထိုင်ကြ၏။ မြို့ရွာများတွင် နေထိုင်ကြသော မြန်မာဦးရေတို့မှာ တောရွာရှိ မြန်မာများနှင့် နှိုင်းစာက မပြောပလောက်အောင် နည်းပါးပေ၏။ တောရွာများတွင်နေကြသော မြန်မာတို့၌ လယ်ယာကိုင်းကျွန်းအလုပ်သာ မည်မည်ရရ ရှိကြ၏။ လယ်ယာများတွင် အငှားကူလီအဖြစ် လည်းကောင်း၊ လယ်ငှားလုပ်သူအဖြစ် လည်းကောင်း၊ မိမိတို့ပိုင် လယ်မြေကလေးများကို လုပ်ကိုင်ကြရသူများအဖြစ် လည်းကောင်း တို့မြန်မာတို့သည် တောရွာများတွင် အများအားဖြင့် နေထိုင်စားသောက်ကြကုန်၏။ ထို့ကြောင့် အထက်ဖော်ပြရာပါ အလုပ်များအရ

mgyoe.com

mgyoe.com



လုပ်ကိုင်စားသောက်ကြသူများမှာ တောင်သူလယ်သမားများသာ ဖြစ်ကြ၏ ။

## (၂) လယ်သမားများ၏ဝန်

တိုက်အိမ်ဆောက်ရာတွင် အောက်ဆုံးရှိ အုတ်ချပ်သည် အထက်အုတ်ချပ်များ၏ အလေးဝန်ကို တစ်ဆင့်တစ်ဆင့် အဖိခံရသကဲ့သို့၊ မြန်မာပြည်ရှိ တောင်သူလယ်သမားတို့သည်လည်း အောက်ဆုံးရှိ အုတ်ချပ်ကဲ့သို့ မြန်မာရှိ အထက်တန်းစားအမျိုးမျိုးတို့၏ ဝန်လေးများကို အဖိအနှိပ်အခံရဆုံး ဖြစ်၏။

မြန်မာပြည်ရှိ တောင်သူလယ်သမားတို့၏ လက်ရှိအခြေမှာ သည်းမခံနိုင်လောက်အောင် ဆိုးရွားလျက်ရှိနေကြ၏။ ၎င်းတို့၏ အခက်အခဲ၊ ဒုက္ခများနှင့် အတွေ့အကြုံများကို စိစစ်ရှာဖွေက ထင်ရှားမည် ဖြစ်ကြောင်း။

ရာသီဥတုအလိုက် လယ်ယာများကို တစ်သီးသာ လုပ်ကိုင်ကြရသဖြင့်၊ တစ်နှစ်တွင် အလုပ်မလုပ်ရသော ကျန်ခြောက်လတွင် လယ်သမားတို့သည် အလုပ်လက်မဲ့များသာ ဖြစ်ကြရ၏။ တစ်သီးမှ နှစ်သီး ဖြစ်ရန်ကိုလည်း အစစ ချို့တဲ့နေသဖြင့် မြန်မာတောင်သူလယ်သမားတို့သည် ထမြောက်အောင်မြင်စွာ မဆောင်ရွက်နိုင်ကြချေ။

လယ်ခွန်၊ လူခွန်၊ သဿမေဓခွန်၊ သီးစားခခွန်၊ စပါးတိုးခွန်၊ ကုလား ချစ်တီးငွေတိုးခွန်၊ မြန်မာငွေချေးသမား အတိုးခွန်တို့ကို တောင်သူလယ်သမားတို့သည် တိုက်ရိုက်ပေးဆောင်နေရသည့်အပြင်၊ လူအလျောက် လူအသက်ရှင်နေခြင်းငှာ ဆန်စပါးတစ်ခုတည်းနှင့် မပြီးမြောက်သဖြင့် အဝတ်အစား၊ အဆောက်အအုံနှင့် လူ၏ အသုံးအဆောင်များအတွက် သွယ်ဝိုက်သော အခွန်တို့ကိုလည်း ပေးဆောင်ကြရသေး၏။

mgyoe.com

mgyoe.com



## (၃) လယ်သမားများ၏ အခြေ

မြန်မာလယ်သမားများသည် လူပင် ဖြစ်သော်လည်း၊ လူကဲ့သို့ သင့်တင့်လျောက်ပတ်စွာ နေထိုင်စားသောက်ခြင်းဟာ မတတ်စွမ်းနိုင်ပေ။ အနည်းဆုံး ဝမ်းဝရန်နှင့် ခါးလှရန်ကိုပင် မဖူလုံနိုင် ဖြစ်နေကြ၏။ လယ်အလုပ်အတွက်၊ နံနက်စောစော အိပ်ရာကထပြီး၊ မိုးရွာ၊ နေပူ ကျဲကျဲတွင် ကျွဲ၊ နွားနှင့်ဖက်၍ ထွန်တုံးနှင့် အသက်မွေးကြရ၏။ နံနက်စာ ကို လယ်ကန်သင်းတွင် ထိုင်၍ လယ်ပုစွန်လုံးကို အခွံမချွတ်ဘဲ ပွဲတော် တည်ကြရ၏။ ညနေအိမ်ပြန်ရောက်သောအခါ သက်ငယ်ခုနစ်ပျစ်၊ ကြမ်းခုနစ်ချောင်းရှိသော တဲကုပ်တွင် ကြယ်မြင်၊ လမြင် အိပ်စက်ကြရ ပြန်သည်။ လယ်သမားများ၏ သားသမီးများမှာ ခေတ်ပညာကို မသင် ကြရ၊ အနည်းဆုံး ဘုန်းကြီး ဦးသုမန၏ တက္ကသိုလ်တွင် ဧဝံမေသုတံ အထိ အချို့ သင်ကြားရပြီး၊ အချို့မှာ အကျိုးအကြောင်း မညီညွတ်သဖြင့် ဧဝံမေသုတံအထိပင် မသင်အံနိုင်ရာ။ ကကြီးရေ ကသတ်ကက်နှင့်ပင် ကျောင်းထွက်လက်မှတ်ယူကြရတော့၏။ ကျန်းမာရေးနှင့် ပတ်သက်ပြန် လည်း ဘုန်းကြီး ဦးသုမနပင် ဆေးမင်းကြီးသဖွယ် ပြုမူရပြန်သည်။ ကလေးခေါင်းကိုက်က တစ္ဆေမှင်စာပစ်ရခြင်း၊ နတ်အိုးပန်းလဲရခြင်းတို့ကို လုပ်ရသည့်အပြင် စပါးအထွက်များရန်၊ စီးပွားလာဘ်လာဘ တိုးတက် ရန် ဦးရှင်ကြီးတင်ခြင်းနှင့် လယ်စတင်ထွန်ရန် နေ့ကောင်းရက်သာများ ရွေးကြရပြန်၏။

ကမ္ဘာ့ဗဟုသုတနှင့်ပတ်သက်၍ မြန်မာလယ်သမားတို့ သိရှိချက် တို့မှာ အလွန်နည်းပါးလေသည်။ လေ၊ မြေ၊ မိုး၊ ရေ၊ ကောင်းကင်နှင့် အနီးအနားရှိ လယ်ကန်သင်းများ၊ ကိုင်းပင်များမှ ကျော်လွန်၍ သိရှိရန် အထူးခဲယဉ်းနေ၏။

မြန်မာလယ်သမားများမှာ ကျေးရွာတွင် နေထိုင်ကြရာ၊ ကျေးရွာ သူကြီးကို ဘုရင်ခံအဖြစ် အသိအမှတ်ပြုနေကြရပြီး ကာကီဘောင်းဘီနှင့်

mgyoe.com

mgyoe.com



ပုလိပ်ကိုမြင်က၊ ကြမ်းကြုတ်ခက်ထန်သော ကျား တိရစ္ဆာန်တို့ကို တွေ့မြင်သောအခါတို့၌ သော်လည်းကောင်း၊ ကြောက်မက်ဖွယ် ကောင်းသော သရဲသဘက်တို့ကို တွေ့သည်ဟု ထင်မြင်သောအခါတို့၌သော် လည်းကောင်း၊ ပြူမူသကဲ့သို့ အနီးဆုံး ကောက်ရိုးပုံသို့ ထွက်ပြေး ပုန်းအောင်းလေ့ ရှိကြခြင်းမှာ များစွာသော လယ်သမား ကျေးတောသားတို့၏ မကြာမီ နှစ်များက အတွေ့အကြုံများပင် ဖြစ်၏။ နိုင်ငံရေးလုပ်ငန်းများ အကျိုးကျေးဇူးအတွက် ပုလိပ်ကိုကြောက်ရခြင်း၊ သူကြီးကို လိုသည်ထက် ပို၍ အသိအမှတ်ပြုရခြင်းတို့မှာ တစ်နှစ်ထက် တစ်နှစ် ပပျောက်စပြုလျက်လာပြီ ဖြစ်၏။

ယင်းသို့ဖြစ်ရာ၊ မြန်မာတောင်သူလယ်သမားတို့၏ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေး၊ ပျော်ရွှင်ရေး၊ ကျန်းမာရေး၊ ပညာ သင်ကြားရေးတို့မှာ လူ၏ စံချိန်နှင့် နှိုင်းယှဉ်လိုက်က မရှိသလောက် နည်းပါးလျက်ရှိခြင်းမှာ အမှန်ဖြစ်၏။ မည်သည့်အတွက် ယခုကဲ့သို့ ဆိုးရွားအောက်ကျသော အခြေသို့ ကျရောက်နေရခြင်း အကြောင်းရင်း အမှန်တို့ကို၊ တို့မြန်မာ တောင်သူလယ်သမားတို့ ကွင်းကွင်းကွက်ကွက် သိရှိထင်မြင် သဘောပေါက်ထိုက်ကြပေပြီ။

## (၄) ကံ ဉာဏ် ဝီရိယ မကောင်းလို့ ဆင်းရဲရခြင်းလော

မြန်မာများ၊ အထူးသဖြင့် မြန်မာဆင်းရဲသားလူထုကြီးဖြစ်သော မြန်မာတောင်သူလယ်သမားတို့ ယခုကဲ့သို့ သည်းမခံနိုင်လောက်အောင် အောက်ကျသောအခြေသို့ ကျရောက်နေကြရခြင်းကို ကံမကောင်း၍သော်လည်းကောင်း၊ ဝီရိယမရှိ၍ သော်လည်းကောင်း၊ ဉာဏ်မကောင်း၍ သော်လည်းကောင်း၊ အသုံးအဖြုန်းများ၍ သော်လည်းကောင်း၊ အပျော်အပါး အားကြီး၍ သော်လည်းကောင်း၊ သတ္တိမရှိ၍ သော်လည်းကောင်း၊

mgyoe.com

mgyoe.com



အခြေအမြစ်ကို မစူးစမ်းသူတို့နှင့် မြန်မာတို့၏ ရန်သူ၊ သွေးစုပ်သမားများက ဆင်းရဲရသည်ဟု စွပ်စွဲပြောဆိုကြ၏။ အမှန်မှာ ထိုစွပ်စွဲချက်တို့မှာ အခြေအမြစ်မရှိသည့်အပြင် လုံး၀ မှားယွင်းကြောင်းကို လယ်သမားအရေးကို စုံစမ်းစစ်ဆေးခြင်းအားဖြင့် တွေ့ရှိရမည် ဖြစ်၏။

ဗုဒ္ဓဘာသာ စာပေကျမ်းဂန်တို့တွင်၊ အထူးပါရဂူမြောက် တတ်ကျွမ်းသော ရဟန်းပုဂ္ဂိုလ်တို့၊ လူပုဂ္ဂိုလ်တို့အဆိုမှာ၊ ဗြဟ္မာပြည်က အပ်တစ်ချောင်းနှင့် လူ့ပြည်က အပ်တစ်ချောင်းတို့သည် အပ်သွားချင်းသာ ထိဖွယ်ရာရှိ၏။ လောကတွင် လူဖြစ်ရန် ခဲယဉ်း၏ဟု ဆိုကြောင်း၊ မြန်မာတောင်သူလယ်သမားများသည် လူသားစင်စစ်များ ဖြစ်ကြသည့်အပြင်၊ ကမ္ဘာပေါ်ရှိ အခြားသော အမေရိကန်၊ အင်္ဂလိပ်၊ ရုရှား အစရှိသော လူသားများကဲ့သို့ ပခုံးနှစ်ဖက်ကြားက ခေါင်းပေါက်ကြ၍ မျက်စိနှစ်လုံး၊ နှာခေါင်းနှစ်ပေါက်နှင့် ပါးစပ်ကန့်လန့်များရှိကြခြင်းကို မည်သူမျှ ငြင်းနိုင်ကြမည် မဟုတ်ပေ။ ၎င်းပြင် လူဖြစ်ပြန်လည်း ဗုဒ္ဓသာသနာအတွင်း လူဖြစ်ရန် အလွန်ခဲယဉ်း၏ဟုဆိုရာ၊ ဤအချက်တွင်လည်း မြန်မာတောင်သူလယ်သမားတို့ အထူးကံကောင်းကြကြောင်းကို ဝန်ခံကြရမည် ဖြစ်၏။ ထိုကောင်းသောကံတို့အပြင် ရာသီဥတုအားဖြင့် လည်းကောင်း၊ မြေသြဇာအားဖြင့် လည်းကောင်း၊ သဘာ၀ဓမ္မအားဖြင့် လည်းကောင်း၊ ဆန်စပါး၊ ကျွန်းသစ်၊ ရေနံ၊ ဓာတ်သတ္တုတို့နှင့် ပြည့်စုံပေါများသော မြန်မာပြည်တွင် လူဖြစ်ရခြင်းမှာ ပထမတန်း ကံကောင်းသည့်အတွက်ဟု ဆိုရမည် ဖြစ်၏။ သဘာ၀ဓမ္မအားဖြင့် သာယာ၀ပြော ပေါများသော တိုင်းပြည်တွင် လူဖြစ်ရခြင်းထက် ကောင်းသောကံရှိမည် မဟုတ်ပေ။

ဝိရိယတည်း ဟူသော ထကြွလုံ့လအရာတွင်၊ အခြားလူမျိုးများထက် မသာလျှင်သာ မသာပေမည်၊ ယုတ်လျော့သည်ဟု မဆိုနိုင် မြန်မာလယ်သမားသည် မြန်မာပြည်ကို အုပ်ချုပ်သော မျက်နှာဖြူဘုရင်ခံ

mgyoe.com

mgyoe.com



ထက် ထကြွလုံ့လအရာတွင် ယုတ်လျော့သည်ဟု ငါတို့ မဆိုနိုင်ချေ။ နဖူးကချွေး၊ ခြေမ ဒုတ်ဒုတ်ထိ ကျဆင်းလောက်အောင်၊ ထွန်တုံးကိုင်ရသော မြန်မာလယ်သမား၏ ဝီရိယမှာ မြန်မာပြည် ဟိုက်ကုတ် တရားဝန်ကြီးချုပ်၏ ပင်ပန်းခြင်းထက် ယုတ်လျော့သည်ဟု လူမှန်က ဆိုနိုင်ရန် ခဲယဉ်း၏။

ဉာဏ်အရာတွင်မူ မြန်မာတို့သည် တစ်ထွာပြက တစ်တောင် မြင်တတ်လေ့ရှိကြ၏။ ကမ္ဘာတွင် တိုးတက်ထွန်းကားနေသော လောကဓာတ်ပညာ၊ လက်မှုစက်မှုပညာတို့သည် သင်နိုင်ရန် အခွင့်အရေးရှိက တတ်နိုင်ရန် အခွင့်အရေးရှိကြ၏။ အင်္ဂလိပ်တတ်က မြန်မာတတ်နိုင်၏။ ဂျပန်တတ်က မြန်မာတတ်နိုင်၏။ လောကဓာတ်ပညာ၊ စက်မှုလက်မှုပညာတို့ကို အင်္ဂလိပ်တစ်ဦးသာ တတ်ရမည် မဟုတ်၊ ထိုပညာတို့သည် အင်္ဂလိပ်တို့၏ ဘိုးဘွားပိုင်ပစ္စည်း၊ အမွေအနှစ်များလည်း မဟုတ်၊ ထာဝရ ဘုရားသခင်ကလည်း အင်္ဂလိပ်တို့သာ ထိုပညာအရပ်ရပ်တို့ကို တတ်ရမည်၊ မြန်မာတောင်သူလယ်သမားတို့ မတတ်ရဟု ဗျာဒိတ်ထားခဲ့သည်ကို မတွေ့ရ။ ရှေးအခါက ရှရှားကျေးတောသားများကို ကျောက်တုံးကျောက်ခဲ၊ လူအလူနကြီးများဟု ရာဇဝင်များတွင် တွေ့ရှိရ၏။ ယခုအခါမှာမူ၊ ထိုလူအ၊ လူနကြီးတို့သည် လောကဓာတ်ပညာ၊ စက်မှုလက်မှုပညာအရပ်ရပ်တို့ကို တတ်ကျွမ်းသည့်အပြင် မြန်မာတို့ထက် အထူးသဖြင့် မြန်မာတောင်သူလယ်သမားတို့ထက် အစစအရာရာတွင် သာလျက် ရှိကြသည်။ လောကတွင် လူအလျောက်လူ၊ သာယာဝပြောလျက်ရှိကြ၏။ အဘယ့်ကြောင့်နည်း၊ မြန်မာတောင်သူတို့ထက် ဉာဏ်ကောင်း၍လော၊ ကျောက်တိုင် ကျောက်ခဲဟု စွပ်စွဲလောက်အောင် (အ-န) နေသောသူတို့က လျင်သည်၊ ပါးသည်၊ ဖြတ်သည်၊ ဉာဏ်ထက်သည်ဟု အသိအမှတ်ပြုခြင်းခံရသော မြန်မာလယ်သမားများထက် အဆင့်

mgyoe.com

mgyoe.com



အတန်း တိုးတက်နေခြင်းမှာ၊ အကြောင်းအသို့နည်း၊ မြန်မာတောင်သူ လယ်သမားများ ဉာဏ်မရှိ၍လော၊ ရှိသော ဉာဏ်ကို သုံးခွင့်မရှိ၍လော၊ ရှိသောဉာဏ်ကို တိုးချဲ့ခွင့် မရှိ၍လော။

(၅) အသုံးအဖြုန်း အပျော်အပါးအတွက် မွဲရခြင်းလော

မြန်မာလယ်သမားသည် တစ်နှစ်တွင် ခြောက်လသာ အလုပ်ရှိ၍ အလုပ်ပြီးသောအခါ၊ တစ်နှစ်တစ်ခေါက်၊ နှစ်ခေါက်လောက် မြို့လာပြီး ခေါက်ဆွဲစားခြင်း၊ အိမ်အသုံးအဆောင်များကို ဝယ်ခြင်းတို့ကို လုပ်ကြရ၏။ နွေလသီတင်းပေါက်သောအခါ ဘုန်းကြီးပျံ၊ တန်ဆောင်တိုင်ပွဲတို့တွင် သစ်သားများနှင့် ကပြသော ရုပ်သေးများနှင့် ဇာတ်ပွဲများကို ကြည့်ကြရ၏။ ထန်းသီးသီးချိန်၊ ထန်းပင်အောက်တွင် ဈေးပေါပေါနှင့် ထန်းရည်သောက်ရ၏။ အိမ်တွင် တစ်ခါတစ်ရံ ချက်အရက်၊ မြန်မာ ဝီစကီကို တစ်ပုလင်းမှ ၄ ပဲ၊ ၆ ပဲနှင့် မူးအောင် သောက်ကြရ၏။ ဤကဲ့သို့ နေထိုင်စားသောက်ရခြင်းမှာ နေ့စဉ်မဟုတ်၊ လယ်အလုပ်ပြီး၍ အားလပ်သောအခါ၊ ငွေအနည်းငယ် လက်ထဲရှိသောအခါများတွင်သာ သုံးစွဲကြရသည်။ ကမ္ဘာရှိ တိုင်းနိုင်ငံအသီးသီးတို့၏ ပျော်ပွဲစားရုံကြီးများ၊ ကပွဲကြီးများ၊ ရုပ်ရှင်ရုံကြီးများနှင့် အခြား ဖျော်ဖြေရုံကြီးများတွင် ထောင်သောင်းများစွာသော လူသတ္တဝါတို့သည် သုံးစွဲပျော်ပါးနေကြခြင်းမှာ၊ နေ့စဉ်အဖြစ်အပျက်တို့ ဖြစ်၏။ ကမ္ဘာရှိ မြို့တိုင်းမြို့တိုင်းတွင်၊ ဤမျှလောက် သုံးစွဲနေခြင်းနှင့် မြန်မာလယ်သမားတို့ သုံးစွဲခြင်းတို့ကို နှိုင်းယှဉ်လိုက်ပါက မြန်မာလယ်သမား မသုံးကြောင်း၊ မဖြုန်းကြောင်းမှာ အထူးထင်ရှားပါ၏။ သုံးဖို့ရန်၊ ဖြုန်းဖို့ရန် ငွေရှိမှသာ ဖြစ်နိုင်၏။ တစ်နှစ်တစ်ခါ၊ ခေါက်ဆွဲစားခြင်းနှင့်၊ တစ်နှစ် အများဆုံး ငါးခါလောက် ပွဲကြည့်ခြင်းကို အသုံးကြီးသည်၊ ပွဲကြည့်သည်ဟု မဆိုနိုင် မြန်မာ လယ်သမား

mgyoe.com

mgyoe.com



သည် ယခုအခြေအနေထက် ယုတ်လျော့၍ မချွတာနိုင်၊ ချွတာရမည် ဆိုက ကောက်ရိုးကို စားနေရမည့်အပြင်၊ အဝတ်မဝတ်ဘဲ နေကြရမည် ဖြစ်တော့၏။ မြန်မာလယ်သမား သတ္တိမရှိဟုလည်း၊ နောက်ထပ်၍ အကြောင်းမဟုတ်သည်ကို အကြောင်းမလုပ်နိုင်၊ ဗြိတိသျှတို့သည် မြန်မာတို့ကို လက်နက်မကိုင်ရသော ကျွန်လူမျိုးအဖြစ်ထားလျက်နှင့် မြန်မာတို့သည် သတ္တိမတုံးကြချေ။ တုတ်ရိုက်မှု၊ ဓားခုတ်မှု၊ သတ်မှု၊ ဖြတ်မှု၊ တိုက်မှု၊ ခိုက်မှုတို့ကြောင့်၊ မြန်မာပြည်သည် ကမ္ဘာတွင် ရာဇဝတ်မှု အကြီးဆုံးသော အမေရိကန်၊ ချီကာဂိုမြို့ကို ကပ်၍လိုက်လျက်ရှိ၏။ ဤသည်အားဖြင့် မြန်မာတို့သည် သတ္တိရှိကြသေးကြောင်း သတ်ဝံ့သေး ကြောင်း၊ ဖြတ်ဝံ့သေးကြောင်း၊ တိုက်ဝံ့သေးကြောင်းကို ဝန်ခံလျက် ရှိ၏။ ထိုရာဇဝတ်မှုတို့ကို တို့မြန်မာလယ်သမားတို့သည် ကျူးလွန်လျက် ရှိကြ ၏။ ဤကဲ့သို့ ရာဇဝတ်မှု ကျူးလွန်ရခြင်း၏ အကြောင်းရင်းမှာလည်း လယ်သမားတို့ ငတ်မှု ပြတ်မှု၊ စီးပွားရေး ညှံ့ဖျင်းမှုတို့အတွက် ဖြစ်၏။ အထက်ပါအကြောင်းတို့ကို ထောက်ထား၍ မြန်မာလယ်သမားတို့၏ မဆင်းရဲသင့်ဘဲနှင့် ဆင်းရဲရသော အကြောင်းတို့ကို စိစစ်ရှာဖွေရန် လိုအပ် ၏။

## (၆) မြန်မာလယ်သမားများ မည်သည့်အတွက် ဆင်းရဲရသနည်း

ပထမဆုံး အကြောင်းကြီးမှာ၊ မြန်မာတစ်မျိုးလုံး နိုင်ငံရေးအရ၊ ကျွန်ဖြစ်ရသဖြင့်၊ တုံးအောက်ကဖားကဲ့သို့ နင်းပြားဖြစ်လျက် ရှိကြရ၏။ နိုင်ငံရေးအရ၊ ကျွန်ဖြစ်သဖြင့်၊ စီးပွားရေးအရ၊ ကျွန်ပညာရေးအရ၊ ကျွန် အစစအရာရာ ကျွန်ဖြစ်ရတော့၏။ မြန်မာလူမျိုးကျွန်ဖြစ်ခြင်းအားဖြင့် မြန်မာတို့၏ လူများစုဖြစ်သော မြန်မာတောင်သူလယ်သမားတို့ကား၊ ကျွန်တကာ့ကျွန် ဖြစ်ကြရ၏။

mgyoe.com

mgyoe.com



နိုင်ငံရေးအရ ကျွန်ဖြစ်ရခြင်းအားဖြင့် အင်ပါယာဝါဒ ဓနရှင်စနစ်၏ ပြုပြင်ဖန်တီးရာကို မြန်မာလယ်သမားတို့သည် ခံကြရ၏။ သို့ခံကြရခြင်းအားဖြင့် စီးပွားရေး စည်းကမ်း လမ်းမှားကြီး၏ ဖိစီး နှိပ်စက်ခြင်း ဒဏ်ချက်ကို ခံကြရ၏။ အင်ပါယာဝါဒ၊ ဓနရှင်စနစ်အရ နိုင်ငံခြားအစိုးရ အုပ်ချုပ်ခြင်းအတွက်၊ မြန်မာပြည်သည် သာလာယံဇရပ် ကြီးသဖွယ်ဖြစ်ပြီး နိုင်ငံချဲ့ဓနရှင်တို့၏ ကျက်စားရာ၊ သွေးစုပ်ရာ၊ ကုန်ချောရောင်းရာ၊ ကုန်စိမ်းဝယ်ရာ၊ ဈေးကြီးသဖွယ် ဖြစ်ရ၏။ ထိုသွေးစုပ်စနစ်အရ၊ ဓနရှင်နှင့် ဆင်းရဲသားတည်း ဟူသော အတန်းအစား ကွဲပြားခြင်း၊ ခြားနားခြင်း၊ လူနည်းစု ဓနရှင်တို့လက်တွင် တဖြည်းတဖြည်း ကိုယ်ပိုင်ပစ္စည်း ပိုမို၍ တည်ရှိခြင်း၊ သွေးခွဲခြင်းတို့သည် အထူးပေါ်လွင် ထင်ရှားလျက်ရှိရာ ပစ္စည်းမဲ့၊ လက်မဲ့၊ မြန်မာလယ်သမားတို့ကို အထူး ထိခိုက်လေသည်။

## (၇) မြန်မာဓန အရင်းအနှီးမရှိခြင်း

မြန်မာပြည်ကို ကမ္ဘာကြီးက သိပြီး၊ ကမ္ဘာရှိ ဓနရှင်တို့၏ အရင်း စိုက်ရာ၊ ကုန်ဖလှယ်ရာ နေရာဒေသ ဖြစ်သော်လည်း ဓနအရင်းမရှိသော မြန်မာလယ်သမားတို့သည် ကမ္ဘာဓနရှင်တို့အတွက် အမြတ်အစွန်းရရန် ဆန်စပါးစိုက်ပေးရသောအနေနှင့်သာ နေရသည့်အပြင်၊ ကမ္ဘာကြီးသို့ မြန်မာဓနမရှိသူတို့က မသွားရောက်နိုင်ခြင်းမှာလည်း မြန်မာ လယ်သမား တို့၏ ဆင်းရဲရခြင်း အကြောင်းတစ်ခု ဖြစ်၏။ ဆန်စပါးဖြစ်အောင် မြန်မာလယ်သမားတို့က လုပ်ကိုင်ရသော်လည်း ထိုဆန်စပါးကို ရန်ကုန် မြို့ကြီးက လွှန်၍ ဘင်္ဂလားပင်လယ်ထဲသို့ မြန်မာ တစ်ဦးတစ်ယောက်က မျှ မယူဆောင်နိုင်ခြင်းမှာ နိုင်ငံခြား ဓနရှင်တို့၏ လက်ဝါးကြီးအုပ်ချုပ်မှု မဟုတ်ပါလော၊ ယင်းသို့ဖြစ်ရာ၊ ဓနရှင်စနစ်အရ အမြဲတော‌ရှိရာ အမြဲတော

mgyoe.com

mgyoe.com



စုသဖြင့် ခနရှိရာသို့ ခနသွားသောကြောင့်၊ ခနမရှိသော မြန်မာ လယ်သမားတို့သည် တစ်စတစ်စ နစ်နာဆုံးရှုံး ဆင်းရဲရ၏။

## (၈) မြန်မာတို့၏စီးပွားရေး ပညာများ တိမ်ကောရခြင်း

ဗြိတိသျှပေါ်လစီအရ မြန်မာတို့သည် မြေကြီးလက်ဆုပ် လုပ်ကိုင်ရသော အခြေမှ မတိုးတက်နိုင် ဖြစ်ရ၏။ အိမ်သုံးဆန်စပါးတွင်မက၊ နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်သော ဆန်စပါးကို လုပ်ကိုင်ရ၏။ ခေတ်ကာလလောကဓာတ်၊ စက်မှုပညာအရထွက်သော နိုင်ငံခြားကုန်များ ကို မြန်မာပြည်သို့ တင်ပို့ရောင်းချခြင်းအတွက် မြန်မာတို့၏ လက်ဖြစ်လုပ်ငန်းများ တစ်စတစ်စ တိမ်ကောပပျောက်ရ၏။ နောက်ဆုံး၌ လယ်အလုပ်တစ်ခုသာရှိပြီး အခြားငွေဝင်သောအလုပ် မည်မည်ရရ မရှိဖြစ်ရသော အခြေသို့ ရောက်ရလေသည်။ လယ်အလုပ်ကို စီးပွားဖြစ်လုပ်ရင်း လယ်အလုပ်များတွင် လိုသည်ထက်လို၍ လုပ်သားဦးရေ တိုးတက်လာ၏။

## (၉) ကမ္ဘာတွင် ကုန်ဈေးကျခြင်း

အင်ပါယာဝါဒ ခနရှင်စနစ်အရ ကုန်ရိုင်းများမှာ ကမ္ဘာတွင် လိုသည်ထက်ပို၍ထွက်ရာ ကုန်ဈေးများ ကျကုန်၏။ သို့ကုန်ဈေးများကျရာ၊ ကုန်ရိုင်းဖြစ်သော ဆန်စပါးဈေးက ၅၀ ရာခိုင်နှုန်းထက် ပို၍ ကျသော်လည်း၊ မြန်မာလယ်သမားတို့ ဝယ်ယူသုံးဆောင်ရသော စက်ဖြစ် ကုန်ချောများမှာ၊ ထို ၅၀ ရာခိုင်နှုန်းလောက် မကျသဖြင့်၊ ဆန်စပါးလုပ်သော မြန်မာလယ်သမားကို အထူးထိခိုက်နေပြန်၏။

mgyoe.com

mgyoe.com



## (၁၀) ငွေစံချိန်နှုန်း အပြောင်းအလဲ

ဘိလပ်ငွေနှင့် မြန်မာငွေ အပြောင်းအလဲ စံချိန်သည်လည်း မြန်မာလယ်သမားကို အထူးနစ်နာစေ၏။ မြန်မာငွေ ၁ ကျပ်နှင့် ၁ သျှီ လင် ၄ ပဲနီ ညီမျှခြင်းမှ၊ မြန်မာငွေ ၁ ကျပ်နှင့် ၁ သျှီလင် ၆ ပဲနီသို့ ပြောင်းရွှေ့လိုက်ခြင်းသည် ဘိလပ်မှ မြန်မာငွေ ၁ ကျပ်တွင် ၂ ပဲ ပို၍ရပြီး၊ မြန်မာလယ်သမားမှာ ငွေ ၁ ကျပ်တိုင်းတွင်၊ ငွေ ၂ ပဲ လျော့၍ ရရှိရကြောင်း၊ ဘိလပ်နှင့် မြန်မာပြည် ငွေအပြောင်းအလဲမှာ ကုဋေနှင့်ချီ၍ နှစ်စဉ်ပြောင်းလဲနေရာ မြန်မာပြည်မှ ကုဋေနှင့်ချီ၍ ၂ပဲ အစဉ်နစ်နာနေရ၏။ ဤအချက်သည်လည်း အထူးအရေးကြီးသော အချက်ဖြစ်ရာ အုပ်စိုးသောသူက အုပ်စိုးခြင်းခံရသောသူကို အနိုင်အထက် ဖိနှိပ်ထားသော အချက် ဖြစ်၏။

## (၁၁) ကုန်ကြမ်းများကို ဈေးအပေါဆုံးနှင့် ရောင်းရခြင်း

မြန်မာပြည်သည် ဗြိတိသျှ အင်ပါယာ၏ အစိတ်အပိုင်း ဖြစ်သဖြင့်၊ ဗြိတိသျှတို့အတွက် မြန်မာပြည်မှထွက်သော ဆန်စပါး အစရှိသော ဝတ္ထုပစ္စည်းများကို ဈေးအပေါဆုံးနှင့် ရောင်းချရခြင်းသည်လည်း မြန်မာလယ်သမားကို ထိခိုက်ပြန်၏။ ဥပမာအားဖြင့်ဆိုသော် မြင်းခြံမှ ထွက်သော ဝါဂွမ်းကုန်ကြမ်း တစ်ပိဿာကို တစ်မတ်နှင့် ဗြိတိသျှ ခနရှင်တို့က ဝယ်၍၊ ဝါဂွမ်းတစ်ပိဿာ အလေးချိန်ရှိသော ပဒုမ္မာငါးအုပ်ကို ကုန်ချောအဖြစ် ဗြိတိသျှစက်ရုံကြီးများမှလုပ်၍ မြန်မာပြည်တွင် ပဒုမ္မာတစ်အုပ် ၅ ကျပ်နှုန်းနှင့် ရောင်းစားရာ၊ ကုန်ကြမ်း ဝါဂွမ်း တစ်ပိဿာအတွက် ငွေတစ်မတ် မြန်မာဆင်းရဲသားက ရသော်လည်း၊ အချိန်တစ်ပိဿာရှိသော ပဒုမ္မာ ငါးအုပ်အတွက် မြန်မာဆင်းရဲသားက ငွေ ၂၅ ကျပ်ပေးရ၏။ ဤသို့အားဖြင့် ကုန်ကြမ်းရောင်းပြီး ကုန်ချော

mgyoe.com

mgyoe.com



ဝယ်သုံးရသော မြန်မာဆင်းရဲသားကို နှာလန်မထူလောက်အောင် နှစ်နှာ ဆုံးရှုံးစေလေသည်။

## (၁၂) မြန်မာလယ်သမားသည် ခေတ်မမီ

လယ်ယာစိုက်ပျိုးရေးအတွက် အရင်းငွေ လုံလုံလောက်လောက် မရရှိသည့်အပြင် ရရှိသော ငွေမှာလည်း တစ်ခါတစ်ရံ လိုသည်ထက် ပို၍ မတရားသော အတိုးနှုန်းနှင့် ရရှိရ၏။ ခေတ်မီသော လုပ်ငန်းများ အတွက် ဘဏ်စည်းကမ်း နည်းလမ်းများကို မြန်မာလယ်သမားသည် မသိရှိရုံမျှမက မြန်မာလယ်သမားကို ဥရောပချေတီဘဏ်တို့က ငွေထုတ် မပေးချေ။ ချစ်တီးနှင့် မြန်မာချေတီကလေးများထံမှရသော ငွေမှာ နောက်ဆုံး ဓားမဦးချ လုပ်ကိုင်လာရသော လယ်မြေကလေးများကို ငွေချေးသူများလက်သို့ အပ်ခဲ့ကြရ၏။ လယ်သီးစားနှုန်းသည် လယ် စရိတ်နှင့် စားစရိတ်ကို နုတ်၍ကျန်သော စပါးထက် များပြားသည့်အပြင် လယ်ခွန်တော် စည်းကြပ်ခြင်းမှာလည်း မတရားပေ၊ ချေတီတို့က ဆန်စပါးကို ရောင်းချရေး၌ အမြတ်အစွန်းယူဖို့လောက်သာ အဓိက ပြုနေသည်အတွင်း ဗြိတိသျှအစိုးရက ပြောပလောက်အောင် မြန်မာ လယ်သမား၏ အကျိုးကို ကာကွယ်မပေးချေ။ ယင်းသို့ဖြစ်ရာ မြန်မာ လယ်သမားမှာ လှေစီးရင်း ရေနစ်ရသော ယခုအခြေအနေသို့ ကျရောက် ရတော့သည်။

## (၁၃) ချေတီစနစ်အရ

အကြီးဆုံးသော ဘေးအန္တရာယ်မှာ လယ်မလုပ်သောသူများ လက်ထဲသို့ လယ်များရောက်ရှိနေသဖြင့် လယ်ပိုင်ခအတွက် သီးစားခကို လယ်လုပ်သူများက ပေးနေရကြောင်း၊ အမှန်မှာ အစိုးရသည် လယ်မြေ

mgyoe.com

mgyoe.com



များ၏ နောက်ဆုံးပိုင်ရှင်ဖြစ်သဖြင့် အစိုးရနှင့် တကယ်လယ်မြေကို လုပ်ကိုင်စားသောက်သော အလုပ်သမားကြားတွင် လယ်ပိုင်ရှင် မရှိထိုက်ပေ။ လယ်မြေကို မလုပ်ဘဲနှင့် ပိုင်ခပေးနေရခြင်းမှာ တကယ့်လယ်သမားကို နစ်နာစေ၏။

အထက်ဖော်ပြရာပါ အင်ပါယာဝါဒ ဓနရှင်စနစ်အရ၊ သွေးစုပ်သူနှင့် သွေးစုပ်ခံရသူဟူ၍ အတန်းအစား နှစ်မျိုး ကွဲပြားနေရာ၊ မြန်မာလယ်သမားသည် အောက်ဆုံးတန်းရှိ သွေးစုပ်ခံရသူ ဖြစ်နေရသဖြင့် တစ်နေ့တခြား ရေနည်းငါးကဲ့သို့ မရှိသည်မှ ဆင်းရဲခြင်း၊ ဆင်းရဲခြင်းမှ မွဲခြင်းသို့ ရွေ့လျောနေရရာ ဤကျွန်သံသရာ၊ ဆင်းရဲခြင်း၊ ဝဲဩဃမှ လွတ်မြောက်ရန်မှာ အလျှင်းမလွယ်ကူပေ၊ လယ်သမား၏ လက်ရှိအခြေအနေ၊ နစ်နာချက်၊ ဆင်းရဲချက်တို့ကို တတ်နိုင်သမျှ ဤစာအုပ်တွင် ဖော်ပြထားသည့်အပြင်၊ မည်သည့်အတွက် ထိုမမျှတသော မတရားချက်တို့ကို မြန်မာတောင်သူလယ်သမားတို့ ခံစားရသည့်အကြောင်းမျိုးစုံတို့နှင့် ကျွန်သံသရာ၊ ဆင်းရဲခြင်းဒုက္ခတို့မှ လွတ်မြောက်ရန် အကြံအစည် သဘောထားတို့ကိုလည်း ဖော်ပြထားပါ၏။ သို့အတွက် မြန်မာ လယ်သမားဖြစ်ကြသော ဆင်းရဲသား လူထုကြီးသည် လက်ရှိ ဆင်းရဲခြင်းဘေးကြီး၏ အကြောင်းရင်းများကို သိရှိကြပြီး အမြန်ဆုံး ထိုဘေးကြီးကို တွန်းလှန်တိုက်ခိုက်ဖြိုဖျက်ပြီး၊ လွတ်မြောက်ရန် ကြိုးစားကြပါစေသတည်း။

သခင်ဗစိန်



mgyoe.com

mgyoe.com

## အခန်း (၁)
## လယ်မြေနှင့် ပတ်သက်၍ ဗြိတိသျှတို့၏ ပေါ်လစီ

မြန်မာတို့သည် ဗြိတိသျှတို့၏ ကျေးတော် ကျွန်တော်မျိုး ဖြစ်သောအခါ ဗြိတိသျှနယ်ချဲ့စနေရှင်တို့၏ ရည်ရွယ်ချက်မှာ...

(က) ဗြိတိသျှစနေရှင်ကြီးတို့အတွက် မြန်မာပြည်မှ ထွက်သော ကုန်ပစ္စည်းများကို ဈေးအပေါဆုံးနှင့် နိုင်ငံခြားနှင့်တကွ၊ ဘိလပ်သို့ တင်ပို့ရောင်းချရန်။

(ခ) ဗြိတိသျှမှထွက်သော စက်မှုလက်မှု အထည်အလိပ်နှင့် ကုန်ချောများကို မြန်မာပြည် ဈေးကြီးတွင် အဖိုးအကြီးဆုံး နှင့် ရောင်းချနိုင်ရန်။

(ဂ) ဗြိတိသျှတိုင်းပြည်ရှိ လူများကို မြန်မာပြည်သို့ အုပ်ချုပ်ရေး တာဝန်ခံများအဖြစ် စေလွှတ်အုပ်ချုပ်စေရန်။

တို့ဖြစ်ရာ၊ ထိုအကြံအစည်များ ထမြောက်အောင်မြင်ရန်၊ မြန်မာပြည်မှထွက်သော ဆန်စပါး၊ ကျွန်းသစ်၊ ရေနံ၊ ဓာတ်သတ္တုတို့ကို ရေးကထက် ဆထက်လွန်ကဲစွာ ထွက်နိုင်ရန်ကို စီမံကြံစည်ကြ၏။

mgyoe.com

mgyoe.com


ခရစ်သက္ကရာဇ် ၁၈၆၉ ခုနှစ်တွင် စူးအက်တူးမြောင်း ဖောက်လိုက်ခြင်းအားဖြင့် အရှေ့နိုင်ငံနှင့် အနောက်နိုင်ငံတို့၏ အဆက်အသွယ်သည် ပိုမို၍လွယ်ကူသွားရာ နိုင်ငံရေး၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးတို့တွင် စူးအက်တူးမြောင်းအတွက် ဗြိတိသျှစနရှင်ကြီးများ ပိုမို၍အကျိုးရှိခဲ့ကြ၏။ ရှေးက မရိတ်ထိုက်သော စပါးများကိုပင် တိုးချဲ့၍စိုက်ပျိုးလာခဲ့ရ၏။

တစ်ဖက်တွင် မြန်မာပြည်မှ ကုန်ရိုင်းများကို ထွက်နိုင်သမျှထွက်ရန် လုပ်ကိုင်ပြီး အခြားတစ်ဖက်တွင် ဗြိတိသျှမှထွက်သော ကုန်ချောများကို မြန်မာပြည်ရှိ မြန်မာများက ဝယ်ယူသုံးစွဲနိုင်သမျှ သုံးစွဲနိုင်ရန်ကို ဗြိတိသျှစနရှင်ကြီးတို့က စီမံကြလေသည်။

ယင်းသို့ ဖြစ်ရာ မြန်မာတို့သည် လက်မှု၊ စက်မှုပညာ၊ လုပ်ငန်းများနှင့် ပတ်သက်၍ နားမလည်သူများဖြစ်ကြရပြီး မြေကြီးလက်ဆုပ်လုပ်ကိုင် စားသောက်ရသော လယ်ယာကိုင်းကျွန်း အလုပ်ဖြင့် ဗြိတိသျှအစိုးရနှင့် စနရှင်ကြီးတို့၏ အခိုင်းအစေ၊ အခစား၊ စာရေး၊ စာချီ၊ ဓားမနောက်ပိတ် ခွေးအလုပ်တို့ကိုသာ လုပ်ကြရ၏။ ကမ္ဘာတွင် တတ်ကျွမ်းနေသော ခေတ်ကာလ လောကဓာတ်ပညာ၊ စက်မှုလက်မှု ပညာများကို မပြောထားဘိ မူလရှိရင်းစွဲ မြန်မာတို့တတ်သော မြန်မာတို့၏ အိမ်တွင်းလုပ်ငန်းကလေးများကိုပင် လျစ်လျူရှုခဲ့ကြရ၏။

ကျွန်းသစ်၊ ရေနံ၊ ဓာတ်သတ္တုတို့နှင့် ပတ်သက်၍ အဆင်သင့်ရှိသော သစ်တော၊ ရေနံတွင်း၊ သတ္တုတွင်းတို့ကို ခုတ်ထစ် တူးဖော်တူးဆွ၍ ဗြိတိသျှတို့သည် မိမိတို့ စနအရင်းအနှီးနှင့် လုပ်ကိုင်ခဲ့ကြ၏။ ယခုအထိ လုပ်ကိုင်လျက်ရှိကြ၏။ မြန်မာတို့မှာ ဗြိတိသျှစနရှင်တို့၏ အလိုကို ဖြည့်ရသော အစေခံအလုပ်သမား၊ အခစား၊ ကူလီဘဝနှင့်သာ ရောင့်ရဲနေကြရ၏။ မြန်မာတို့မှာ နိုင်ငံရေးအာဏာကလည်း

mgyoe.com

mgyoe.com


မရှိ အရင်းအနှီးမနေကလည်း မရှိကြရာ၊ ဗြိတိသျှမနေရှင်တို့၏ လက်ဝယ် စေသော ကျွန်၊ ထွန်သော နွားကဲ့သို့သာ နေကြရ၏။

ဆန်စပါးလုပ်ငန်းနှင့် ပတ်သက်၍ တို့မြန်မာတို့သည် စပါးဖြစ် အောင် လုပ်နိုင်ကြရာ၊ ဗြိတိသျှတို့ကိုယ်တိုင် စပါးဖြစ်အောင်လုပ်သော လုပ်ငန်းတွင် ကိုယ်ထိလက်ရောက် လုပ်ကိုင်ရန် မလိုချေ။ မြန်မာတို့၏ ချွေးနှင့် စပါးဖြစ်အောင် လုပ်ပြီးမှသာ ကမ္ဘာသို့ တင်ပို့ရောင်းချရန် အမြတ်ယူသော အညွန့်ခူးအလုပ်၊ ခေါင်းပုံဖြတ် အလုပ်တို့ကို ဗြိတိသျှ တို့သည် ၎င်းတို့၏ အရင်းအနှီးနှင့် လုပ်ကိုင်ကြလေသည်။ ထိုသို့ ချွေးတစ်ပေါက် မကျရဘဲနှင့် အမြတ်ယူသော အလုပ်ကို တွင်တွင် ကျယ်ကျယ်ကြီး ဗြိတိသျှတို့ လုပ်ကိုင်နိုင်ရန် မြန်မာပြည်တွင် သုံးသော စပါးထက်၊ ကမ္ဘာကြီးသို့ တင်ပို့ရောင်းချလောက်အောင် ဆန်စပါး စိုက်ပျိုးရေးကို တိုးချဲ့လုပ်ကိုင်ရန် စီမံကြပြန်၏။ စစ်အစိုးရလက်ထက် က မြန်မာပြည်အတွက် ဝမ်းစာလုံလောက်ရန်သာ စိုက်ပျိုးသော ဆန် စပါးကို ဗြိတိသျှအစိုးရ အုပ်စိုးသောအခါ နိုင်ငံခြားသို့ ရောင်းချနိုင်ရန် စိုက်ပျိုးလေသည်။

း

## (၁) လယ်ယာစိုက်ပျိုးရေးကို တိုးချဲ့ခြင်း

လယ်ယာစိုက်ပျိုးရေးကို တိုးချဲ့ရန် အလုပ်သမားများ လိုလေ သည်။ ထိုသို့လိုရာ ရှေးဦးစွာ အထက်မြန်မာပြည်မှ စီးပွားရေး ကြပ် တည်းသူတို့ကို အောက်မြန်မာပြည်သို့ လာရောက်၍ သစ်တောများကို ရှင်းလင်းပြီး လယ်မြေလုပ်ကိုင်ရန် စီမံ၏။ နောက် အိန္ဒိယပြည်မှ အိန္ဒိယများကို မြန်မာပြည်သို့ လာရောက်၍ လယ်အလုပ်ကို လုပ်ကိုင်ရန် စီမံပြန်၏။

သို့စီမံခြင်းအားဖြင့် လယ်မြေဧကပေါင်းသည် ရှေးကထက်

mgyoe.com

mgyoe.com


မြောက်မြားစွာ တိုးတက်လာသည့်အပြင် စပါးအထွက်မှာလည်း အထူး တိုးတက်လာ၏။

| နှစ် | လယ်မြေဧက | တိုးတက်သောဧက |
|---|---|---|
| ၁၈၅၂-၅၃ | ၆၀၀,၀၀၀ | ... .... |
| ၁၈၇၂-၇၃ | ၁,၅၀၀,၀၀၀ | ၄၅,၀၀၀ |
| ၁၈၈၂-၈၃ | ၂,၈၆၀,၀၀၀ | ၁၃၆,၀၀၀ |
| ၁၈၉၂-၉၃ | ၄,၄၆၇,၀၀၀ | ၁၆၀,၀၀၀ |
| ၁၉၀၂-၀၃ | ၇,၉၀၃,၀၀၀ | ၁၂၆,၀၀၀ |
| ၁၉၂၂-၂၃ | ၈,၉၃၆,၀၀၀ | ၁၀၂,၀၀၀ |

အထက်ပါဇယားသည် ၁၈၅၂ ခုမှ ၁၉၂၂ ခုအတွင်း တိုးတက်လာသော လယ်မြေဧကများ ဖြစ်၏။ ယခုနောက်ဆုံး ၁၉၃၇ ခုနှစ်တွင် လယ်ယာမြေဧကပေါင်းမှာ ၁၉,၃၀၄,၉၀၇ ဖြစ်၏။ ဗြိတိသျှ ဓနရှင်တို့ ဆန်စပါး ကစားရန်အတွက် ၁၈၅၂ ခုနှစ်တွင်၊ လယ်မြေဧက ၆ သိန်းမှ ၁၉၃၇ ခုနှစ်တွင် လယ်မြေယာဧက ၁၉ သန်းကျော်အထိ တိုးတက်လာရ၏။

(၂) ဗြိတိသျှတို့၏ အကြံ

ထိုစဉ်က ဗြိတိသျှတို့၏အကြံမှာ နှစ်မျိုးဖြစ်၏။ ထိုအကြံတို့မှာ—

(က) လယ်သမားများကို လယ်ပိုင်ရှင်လေးများအဖြစ် ထားရှိရန်နှင့်

mgyoe.com

(ခ) လယ်မြေကို တိုးချဲ့ရန်၊ ဈေးပေါသော အိန္ဒိယအလုပ်သမားများကို မြန်မာပြည်သို့ တင်ယူလာရန်တို့ ဖြစ်၏။

(က) လယ်ပိုင်ရှင်ကလေးများအနေနှင့် လယ်လုပ်သားတို့ကို ထားရှိရန် အကြံမှာ အင်ပါယာဝါဒ အုပ်ချုပ်ခြင်း ရည်ရွယ်ချက် ဖြစ်လေသည်။ ထမင်းဝရုံ စားနိုင်ရန် လယ်ပိုင်ရှင်လေးများအနေနှင့် မြန်မာလယ်သမားများကို ထားလို၏။ ကိုယ်ပိုင်ပစ္စည်း အနည်းငယ်နှင့် ထမင်းဝနေက ခနရှင်တို့ သွေးစုပ်ခြင်းကို မြန်မာလယ်ပိုင်ရှင်လေးတို့သည် ငြိမ်၍ ခံနေလိမ့်မည်ဟု မျှော်လင့်၏။ ကိုယ်ပိုင်ပစ္စည်းကလေးအတွက် တွယ်တာပြီး ထမင်းဝနိုင်ရုံထားခြင်းအားဖြင့် မြန်မာလယ်သမားများ ရောင့်ရဲ၍ မှိန်းနေရန်ကို ဗြိတိသျှနယ်ချဲ့သမားတို့က ရည်ရွယ်လေသည်။ အင်ပါယာ အစိုးရတို့၏ တာဝန်မှာ တိုင်းပြည်ကို ငြိမ်ဝပ်ပိပြားစွာ အုပ်ချုပ်၍ ခနရှင်တို့ကို ကူးသန်းရောင်းဝယ်ရေးနှင့် အေးအေးဆေးဆေး အမြတ်ယူနိုင်ကြစေရန် ဖြစ်၏။ လယ်ပိုင်ရှင်လေးများအနေနှင့် ထားရန် ဗြိတိသျှ အကြံအစည်မှာ အထမမြောက်ပေ၊ အကြောင်းမှာ စီးပွားရေးအရ၊ ခနရှင်စနစ်အတိုင်း၊ ခနအကြီးစားက အငယ်စားကို လုံးဝမျိုသော သဘာဝဓမ္မအတွက် ဖြစ်၏။ နောက်ဆုံး၌ လယ်ပိုင်ရှင်လေးများပင် လယ်လက်မဲ့ဖြစ်ရပြီး၊ စပါးပေးဝေးသူ၊ အတိုးကြီးကြီးစားသူ မြန်မာ၊ အိန္ဒိယချစ်တီးများနှင့် ကုန်အကြွေးပေးသော သူတို့လက်သို့ တဖြည်းဖြည်း ၎င်းတို့ပိုင် လယ်မြေများကို ရွှေ့ပြောင်း ပေးကြရလေ၏။

(ခ) အိန္ဒိယများကို အစိုးရစရိတ်နှင့် မြန်မာပြည်သို့ ခေါ်ယူပြီး၍ လယ်ယာစိုက်ပျိုးရေးကို လုပ်စေခြင်းအားဖြင့်၊ လယ်

mgyoe.com

mgyoe.com


ယာ စိုက်ပျိုးခြင်းကို အလိုရှိသလောက် တိုးချဲ့နိုင်ခြင်း၊ ဆန်စပါးကို စရိတ်အနည်းဆုံးနှင့် ထွက်စေခြင်းတို့မှာ ထမြောက်အောင်မြင်သွား၏။ ယင်းသို့ဖြစ်ရာ၊ ဗြိတိသျှ ဓနရှင်တို့အတွက် အနည်းဆုံးသော စရိတ်နှင့် အများဆုံး သော ဆန်စပါးတို့ကို ဝယ်ယူရောင်းချနိုင်လေသည်။

ဤသည်ကိုထောက်၍ ငါနှင့်ငါ့မယားကောင်းလျှင် ပြီးရော ဟူသော ဝါဒသည် ဗြိတိသျှနိုင်ငံချဲ့သူတို့၏ ဝါဒဖြစ်ကြောင်းမှာ အထူး ထင်ရှား၏။ ဗြိတိသျှဓနရှင်ကြီးတို့အတွက် အိန္ဒိယများ မြန်မာပြည် လာခြင်းအားဖြင့် ဗြိတိသျှဓနရှင်တို့အကျိုးပြီးသော်လည်း မြန်မာလယ် သမားများအတွက်မှာမူ အိန္ဒိယများ မြန်မာပြည်သို့ တသွတ်သွတ်ဝင် ၍ အလုပ်အကိုင်များကို လက်ဝါးကြီးအုပ်ခြင်းအားဖြင့်၊ ဖွတ်မိကျောင်း ဖြစ်–မြစ်မချမ်းသာသော အဖြစ်မျိုးသို့ ရောက်ရတော့၏။

### (၃) အိန္ဒိယက မြန်မာထက် ဗြိတိသျှအသုံးတော်ကို ခံတတ်ခြင်း

အိန္ဒိယတို့သည် ဗြိတိသျှကျွန်ဖြစ်ရာတွင် မြန်မာထက် ဦးလေ သည်။ ဗြိတိသျှတို့၏ စကားအလေ့အထတို့ကို မြန်မာများ မသိခင်က သိရှိကြရာ၊ ဗြိတိသျှတို့၏ အသုံးတော်ကို မြန်မာထက် ခံတတ်၏။ အင်္ဂလိပ်စာနှင့် ဗြိတိသျှတို့၏အလေ့အထများ တတ်ကျွမ်းသော အိန္ဒိယ တို့ကို ဗြိတိသျှတို့သည် မြန်မာပြည်သိမ်းပိုက် အုပ်ချုပ်စက ဗြိတိသျှနှင့် မြန်မာတို့၏ကြားတွင် ကျွန်ခံရသောအလုပ်မျိုးကို ခိုင်းစေထား၏။ သို့ ခိုင်းစေထားရာ၊ မီးရထား၊ စာတိုက်၊ ကြေးနန်း၊ အတွင်းဝန်ကြီးများ ရုံး၊ စာရင်းဘက်ဌာနနှင့် မြန်မာပြည်ရှိ ရုံးအမျိုးမျိုးတို့တွင် ရှေ့နေစာရေး အလုပ်တို့ကို အင်္ဂလိပ်စာတတ် အိန္ဒိယများ တဖြည်းဖြည်း လက်ဝါးကြီး အုပ်ခဲ့ကြ၏။ မြန်မာပြည်ကို သိမ်းပိုက်စဉ်က အိန္ဒိယပြည်နှင့် မြန်မာပြည်

mgyoe.com

mgyoe.com


တွဲ၍ အုပ်ချုပ်ထားခြင်းမှာလည်း အုပ်ချုပ်ခြင်း လွယ်ကူစေရန် ဗြိတိသျှတို့က ရည်ရွယ်၍ လုပ်ကိုင်ခဲ့လေသည်။ မြန်မာတို့ တိုးတက်ထွားကျိုင်းလာရန်ကို မရည်ရွယ်ခဲ့ပေ။ သို့ဖြစ်ရာ အင်္ဂလိပ် စာတတ်၊ ဗြိတိသျှတို့၏ အကြောင်းကို သိသော အိန္ဒိယတို့ကို ဗြိတိသျှအစိုးရနှင့် ဓနရှင်တို့က စာရေးစာချီ အလုပ်များကို ခိုင်းစေပြီး၊ အင်္ဂလိပ်စာမတတ်သော ကျေးအိန္ဒိယများကို မြန်မာပြည်သို့ခေါ်လာပြီး ထမင်းနပ်ဈေး စားစေ၍ မြေကြီးလက်ဆုပ် လုပ်ကိုင်ရသော လယ်ယာစိုက်ပျိုးရေး တိုးချဲ့သော လုပ်ငန်းကို လုပ်စေ၏။ ယင်းသို့ဖြစ်ရာ၊ အိန္ဒိယများသည် မြန်မာပြည်တွင် အထက်ဆုံး ဟိုက်ကုတ်မင်းကြီးအလုပ်မှ အောက်ဆုံး မိလ္လာကျုံးသော အလုပ်၊ မြေတူးသော အလုပ်တို့ကို လုပ်ကိုင်နိုင်ကြလေသည်။ မြန်မာများထက် အိန္ဒိယများက ခိုင်းကောင်းသော အချက်များကို အထူးရှည်ဝေးစွာ ရှာကြံရန် မလို၊ (က) ဗြိတိသျှ ကျွန်ဖြစ်ရသော ဝါရင့်နေသဖြင့် ဗြိတိသျှကို မြန်မာထက် ပို၍ ကြောက်တတ်ခြင်း၊ ငါးပိဆို ဖုတ်ပြီးသားပါ ဘုရားဟု ဆိုသကဲ့သို့၊ ဗြိတိသျှအမိန့်ကို တစ်သဝေမတိမ်း လိုက်နာတတ်ခြင်းတို့နှင့်၊ (ခ) စားစရိတ်ကျဉ်းခြင်းတို့အတွက် မြန်မာ မလုပ်နိုင်သော အလုပ်တို့တွင် အိန္ဒိယတို့သည် လုပ်ကိုင်လာနိုင်လေသည်။ ယင်းသို့ဖြစ်ရာ၊ မြန်မာပြည်တွင် မြန်မာတို့သည် တစ်နေ့တခြား ခွေးနေရာ မရသကဲ့သို့ဖြစ်ရပြီး၊ အလုပ်လက်မဲ့များ ဖြစ်ကြရလေသည်။ ထမင်းငတ်သော အခါ လယ်မြေအလုပ် လယ်ကူလီ အလုပ်တို့ကိုသာ တွင်တွင်ကျယ်ကျယ် လုပ်ကြရတော့၏။

## (၄) မြန်မာပြည်သို့ အိန္ဒိယဝင်လာသော စာရင်း

အထက်က ဖော်ပြခဲ့သည့်အတိုင်း မြန်မာပြည်ကို ဗြိတိသျှတို့ သိမ်းပိုက်စက အိန္ဒိယများကို မြန်မာပြည်သို့ အစိုးရစရိတ်နှင့် ခေါ်ဆောင်

mgyoe.com

mgyoe.com


ပြီး၊ လယ်ယာစိုက်ပျိုးရေးကို ဗြိတိသျှခေနရှင်တို့အတွက် တိုးချဲ့ရန်၊ ဗြိတိသျှတို့သည် ရည်ရွယ်ခဲ့၏။ ထိုရည်ရွယ်ချက်အရ ၁၈၇၄ ခုနှစ်တွင်၊ ၇၀၀၀ ကျော်သော အိန္ဒိယတို့ကို ဘင်္ဂလားမှ အစိုးရက ငွေတစ်သိန်းအကုန်ခံ၍ မြန်မာပြည်သို့ တင်ယူလာခဲ့လေသည်။ ၁၈၇၆ ခုနှစ်တွင် အလုပ်သမား အက်ဥပဒေအရ အိန္ဒိယများ မြန်မာပြည်သို့ လာရန် (ကိုကိုနာဒါ) တွင် အစိုးရက ကိုယ်စားလှယ်ခန့်၍ မြန်မာပြည်သို့ မဒရပ်မှ အိန္ဒိယများကို ကျွဲနွားများ တင်ပို့သကဲ့သို့ တင်ပို့ခဲ့လေ၏။ ထိုစဉ်က စရိတ်မှာ အိန္ဒိယတစ်ထောင်အတွက် ငွေသုံးသောင်း ဖြစ်၏။

၁၈၈၂ ခု၊ ၁၈၈၃ ခုနှစ်များတွင် ဘီယာနှင့် ဒါဂျီလင်တို့မှ အစိုးရ၏ ငွေငါးသောင်း အကုန်အကျခံ၍ အိန္ဒိယများကို တင်ယူခဲ့၏။ သို့သော် ထမ်းပိုးထက် လက်ခကြီးနေသဖြင့် ကျေးဇူးအထူး မများခဲ့ပေ။

၁၈၇၆ နှစ် အလုပ်သမားဥပဒေကို လိုက်နာဆောင်ရွက်ရာ၊ နှစ်စဉ် တစ်သောင်း ငါးထောင်လောက်သော အိန္ဒိယများ မြန်မာပြည်သို့ ဝင်လာခဲ့လေသည်။

၁၈၈၀ ပြည့်နှစ်နှင့် ၁၈၈၁ ခုနှစ်တို့တွင် အိန္ဒိယပြည်နှင့် မြန်မာပြည်ကို ကူးသန်းသွားလာနေသော ဘီအိုင်အက်စ်အင် သင်္ဘော ကုမ္ပဏီနှင့် အာရှတိုက် သင်္ဘောကုမ္ပဏီတို့ အပြိုင်ဖြစ်ကြရာ၊ သင်္ဘောခများ အထူးလျော့ကျသွားခဲ့၏။ သို့သင်္ဘောခများကျခဲ့ရာ ဈေးပေါပေါနှင့် နှစ်စဉ် အိန္ဒိယလေးသောင်းကျော် တိုးတက်၍ မြန်မာပြည်သို့ ဝင်လာခဲ့၏။

၁၈၈၃ ခုနှင့် ၁၈၈၄ ခုနှစ်တို့တွင် မြန်မာပြည်သို့ ဝင်လာသော အိန္ဒိယဦးရေမှာ ရှစ်သောင်းသုံးထောင်ကျော် ဖြစ်လေသည်။ ၎င်းပြင် နောက်သုံးနှစ်အတွင်း ရှစ်သောင်း ခုနစ်ထောင်အထိ၊ တိုးတက်ဝင်လာပြီး နောက်နှစ်စဉ် အစဉ်ဆက်၍ အိန္ဒိယဦးရေ တိုးတက်၍ ဝင်လာခဲ့ပြန်၏။ ၁၉၂၇ ခုနှစ်တွင် အိန္ဒိယဦးရေမှာ လေးသိန်း ဖြစ်သွား၏။

mgyoe.com

mgyoe.com


အဓိကရုဏ်း စုံစမ်းရေးကော်မတီ၏ အစီရင်ခံစာအရ မြန်မာပြည် အိန္ဒိယဦးရေမှာ တစ်သန်းကျော်လျက် ရှိ၏။

| | ၁၉၁၁ ခု | ၁၉၂၁ ခု | ၁၉၃၁ ခု |
|---|---|---|---|
| မြန်မာပြည်ရှိလူဦးရေ | ၁၂,၁၁၅,၂၁၃ | ၁၃,၂၁၂,၁၉၂ | ၁၄,၆၆၇,၁၄၆ |
| ဟိန္ဒူလူမျိုး | ၃၈၉,၆၇၉ | ၄၃၇,၅၃၁ | ၅၆၅,၆၀၉ |
| မူစလင်လူမျိုး | ၃၀၇,၅၆၁ | ၃၆၆,၂၃၁ | ၃၉၆,၅၉၄ |
| အခြားလူမျိုး | ၃၁,၆၀၁ | ၄၃,၂၇၅ | ၅၅,၆၂၂ |
| မြန်မာပြည်ရှိအိန္ဒိယ လူမျိုးအစုစုပေါင်း | ၇၇၈,၈၄၁ | ၈၈၇,၀၇၇ | ၁,၀၁၇,၈၂၅ |
| ဇေရဘာဒီ | ၅၉,၇၂၉ | ၉၄,၃၁၆ | ၁၂၂,၇၀၅ |

စာရင်းမှာ ၁၉၃၁ ခုနှစ်အထိသာဖြစ်၏၊ ထိုစာရင်းကို ကြည့်ရှုစစ်ဆေးခြင်းအားဖြင့် အိန္ဒိယများ မြန်မာပြည်တွင် ခံတွင်းတွေ့နေခြင်းမှာ အထူးကြောက်မက်ဖွယ် ကောင်းပေ၏။ ဤသို့ ဖြစ်ရခြင်းမှာလည်း ဗြိတိသျှအင်ပါယာဝါဒနှင့် ဗြိတိသျှ ဓနရှင်တို့၏ အစီအစဉ်အတွက် ဖြစ်ရလေသည်။

mgyoe.com

mgyoe.com


(၅) လယ်ယာစိုက်ပျိုးရေး၊ ငွေရေးကြေးရေးနှင့် ဗြိတိသျှ ပေါ်လစီ

ဗြိတိသျှမနေရှင်တို့အတွက် စူးအက်တူးမြောင်းကြီး ဖွင့်လိုက်သော အခါ မြန်မာပြည်တွင် သုံးသည်ထက် နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ရန်၊ မြန်မာပြည်၏ လယ်ယာစိုက်ပျိုးရေးကို တိုးချဲ့ခဲ့၏။ သို့တိုးချဲ့ရန် မြေ လို၏၊ လူလို၏၊ ငွေလို၏၊ မြေအတွက်မှာမူ မြန်မာပြည်တွင် လိုသည် ထက် ပိုနေသော မြေလွတ်များ၊ တောရိုင်းများ၊ ပင်လယ်နှင့် ဆက်စပ် နေသော မြစ်ဝကျွန်းပေါ်များ ရှိနေ၏။ လူအတွက်မှာမူ မြန်မာပြည်တွင် ရှိသည့် လူထက် ဈေးပေါပေါ၊ စရိတ်ကျဉ်းကျဉ်းနှင့်ရရှိရန် အိန္ဒိယပြည် ကပင် ခေါ်ဆောင်လာခဲ့ပြီး ဖြစ်၏။ လယ်ယာစိုက်ပျိုးရေး ချဲ့ထွင်ရန်၊ တိုးတက်ရန်အတွက် ငွေအရင်းအနှီး လိုနေ၏။ ငွေအရင်းအနှီး မရှိဘဲနှင့် မည်သည့်လုပ်ငန်းကိုမဆို၊ မတိုးချဲ့နိုင်။ မနေရှင်လောကတွင် အမြတ် အစွန်းအတွက် မနေအရင်းအနှီးသည် လိုအပ်သောအရာ ဖြစ်၏။ ဆန် စပါးဖြစ်ရန် လယ်ယာကို တိုးချဲ့သော ငွေရင်းငွေနှီးအတွက်၊ ဗြိတိသျှ မနေရှင်တို့က မြန်မာလယ်သမားတို့သို့ တိုက်ရိုက်ငွေကို စိုက်ထုတ်၍ မပေးကြပေ။ သို့မစိုက်ထုတ်လင့်ကစား။ ခေတ်ကာလ ကုန်သည်လုပ်ငန်း များတွင် အရေးအကြီးဆုံးသော ဘဏ်လုပ်ငန်းကိုလည်း မြန်မာလယ်သမား များကို သင်ကြားမပေးချေ။

ဗြိတိသျှမနေရှင်တို့က လယ်ယာစိုက်ပျိုးရေးအတွက် တိုက်ရိုက် ငွေထုတ်ချေးသောအလုပ်ကို မလုပ်ခြင်းမှာလည်း နောက်ဆုံး၌ ငွေအစား၊ လယ်မြေများကို ကိုယ်ပိုင်ပစ္စည်းသဘောနှင့် ဗြိတိသျှတို့၏လက်ဝယ်တွင် တည်ရှိနေမည်ကို စိုးရိမ်ခြင်းကြောင့်ပင် ဖြစ်၏။ နိုင်ငံကြီးတစ်ခုလုံးကို သိမ်းပိုက်ထားသောသူတို့အတွက် ထိုနိုင်ငံအတွင်းရှိ မြေကွက်ကလေး များကို ကိုယ်ပိုင်ပစ္စည်းသဘောနှင့် ပိုင်ဆိုင်ရန် မလိုပေ၊ ထိုမြေများမှ ထွက်သော ဝတ္ထုပစ္စည်းတို့အပေါ်တွင် အညွန့်ခူးနိုင်သမျှ ခူးရန်ကိုသာ ရည်ရွယ်စိမ်ကြလေသည်။

mgyoe.com

mgyoe.com


ခေတ်ကာလ ကုန်သည်နှင့် အလုပ်ကြီး အကိုင်ကြီးတို့အတွက် ဘဏ်စည်းကမ်းလုပ်ငန်းသည် အရေးအကြီးဆုံး ဖြစ်သော်လည်း ထို ဘဏ်လုပ်ငန်းကို ဗြိတိသျှတို့သည် မြန်မာလယ်သမားတို့အား ဆက်စပ် မပေးခြင်းမှာလည်း ခနရှင်စနစ်၏ သမားရိုးကျ ရည်ရွယ်ချက် ဖြစ်၏။ ယင်းသို့ ဘဏ်လုပ်ငန်းနှင့် ဆက်စပ်မပေးခြင်းမှာလည်း မြန်မာ လယ်သမားများ ခေတ်မမီရန်၊ ငွေတိုးနည်းနည်းနှင့် လယ်ယာစိုက်ပျိုးရေး အတွက် လိုသလောက်ငွေရရန်တို့ကို မဖြစ်မြောက်နိုင်စေခြင်းမှ တစ်ပါး အခြား ရည်ရွယ်ချက်များရှိသည်ဟု မစဉ်းစားတတ်နိုင်ပေ။

## (၆) ငွေချေးသောလုပ်ငန်း

ဗြိတိသျှခနရှင်တို့က မြန်မာလယ်သမားတို့ကို လယ်လုပ်ငန်း အတွက် တိုက်ရိုက်ငွေချေးသော အလုပ်ကို မလုပ်သောအခါ၊ (က) ငွေပိုငွေလျှံအနည်းငယ်ရှိသော မြန်မာခနရှင်ပေါက်စတို့နှင့်၊ (ခ) ငွေချေး သောလုပ်ငန်းကို ဘိုးဘွားဘီဘင်ကစ၍ လုပ်လာသော အိန္ဒိယ ချစ်တီး များက လုပ်ကိုင်ခဲ့ကြ၏။ မြန်မာခနရှင်ပေါက်စကလေးတို့သည် ခေတ် မမီကြ၊ ငွေချေးသော အလုပ်ကို မလုပ်တတ်ကြ၊ ၎င်းပြင် ဘဏ်နှင့် အဆက်အသွယ် မရှိကြ။ သို့အတွက် အတိုးများများ ရရန်လောက်သာ သိရှိကြ၏။ မြန်မာခနရှင်ပေါက်စကလေးများထံသို့ ငွေချေးကြသူများမှာ ကိုယ်ပိုင်ပစ္စည်းမရှိကြသော လယ်လုပ်သားတို့သာ များကြရာ၊ အပေါင် ပစ္စည်းမရှိသဖြင့်၊ ငွေတိုးကြီးကြီးနှင့် ချေးကြရပြီး၊ စပါးပေးအလုပ်အထိ၊ ငွေချေးသော ထုံးစံကို တီထွင်ခဲ့ကြ၏။ ထိုသူမျိုးတို့ထံသို့ မြေရှိင်းကို ရှင်းလင်း၍ ဓားမဦးချ လုပ်ကိုင်ရသော လယ်သမားတို့သည် နောက်ဆုံး၌ မိမိတို့လယ်မြေများကို အပ်ကြရလေသည်။ ဤကဲ့သို့ ကြွေးနှင့်မြေများ ကို အတိုးနှုန်းအကြီးဆုံးနှင့် ချေးငှား၍ သိမ်းထားသော ခနရှင်ပေါက်စ

mgyoe.com

mgyoe.com


ကလေးတို့သည် အောက်မြန်မာပြည်တွင် လယ်ပိုင်ရှင်ကြီးများအမည်နှင့် ယခုအခါ အသက်ရှင်လျက် ရှိကြလေသည်။

(၇) ချစ်တီးပေါ်လာခြင်း

မြန်မာပြည်သို့ ကုလားများဝင်လာသည်ကစ၍ ချစ်တီးများသည် လည်း ရောက်၍ အနံ့ခံပြီး မြန်မာပြည်သို့ ရောက်လာခဲ့ကြ၏။ ချစ်တီးတို့ သည် ငွေချေးသော အလုပ်နှင့် အသက်မွေးကြသူများ ဖြစ်ကြ၏။ အင်္ဂလိပ်များမရောက်မီက ငွေချေးသောအလုပ်ကို လုပ်ကိုင်လျက် ရှိကြ ၏။ ၎င်းပြင် ချစ်တီးတို့သည် ခေတ်မီသော ဘဏ်လုပ်ငန်းကို ခပ်စော စောကပင် အင်္ဂလိပ်ဘဏ်သူဌေးကြီးများနှင့် အဆက်အသွယ် လုပ်ခဲ့ကြ လေသည်။

တစ်ဖက်တွင် အင်္ဂလိပ်ဘဏ်တိုက်များမှ ချစ်တီးများအတွက် လိုသလောက် ငွေရကြ၍ အခြားတစ်ဖက်တွင် ထိုဘဏ်များမှရသော ငွေများကို အတိုးကြီးကြီးနှင့် မြန်မာလယ်သမားကို ရွှေပေါင်၊ လယ် ပေါင်တို့နှင့် ထုတ်၍ ချေးသောအလုပ်ကို ချစ်တီးတို့သည် တွင်တွင်ကြီး လုပ်ကြ၏။ မြေသြဇာကောင်းခြင်း၊ စပါးအထွက်များခြင်း၊ စပါးဈေး တက်ခြင်းတို့နှင့် ငွေချေးသော ချစ်တီးတို့သည် ရင်ဆိုင်တွေ့ကြုံခဲ့ကြ ရာ ချစ်တီးငွေချေးသောလုပ်ငန်းမှာ အထူးကြီးပွားခဲ့၏။ ချစ်တီးနှင့် အပြိုင် မြန်မာများက ငွေမချေးနိုင်ကြပေ။ ချစ်တီးများနှင့် ဆက်သွယ် နေသော ဘဏ်များက မြန်မာများနှင့် မဆက်သွယ်ကြချေ။ ချစ်တီးတို့ အတွက်မှာမူ ငွေရင်းငွေနှီးရှိရန် အထူးမလို၊ ဘဏ်ရှိသမျှ ချစ်တီးများ ငွေရနိုင်ကြ၏။ ဘဏ်များမှ တစ်နှစ်အတွက် ငွေ ၁၀၀ လျှင် ၆ ကျပ်၊ ၁၀ ကျပ်နှုန်းတိုးနှင့် ချေး၍ မြန်မာကုန်သည် လယ်သမားတို့ကို တစ်နှစ် လျှင် ငွေ ၁၀၀၊ ခေါင်းတွင် ၁၅၊ ၂၀၊ ၂၅ အတိုးနှုန်းနှင့် ပြန်လည်၍ တစ်ဖန် ချစ်တီးတို့က ချေးကြ၏။

mgyoe.com

mgyoe.com


လယ်လုပ်ငန်း တွင်ကျယ်သလောက် လယ်များကို ထပ်ကာထပ်ကာ ဝယ်ခြင်း၊ တိုးချဲ့ခြင်းတို့ကို လုပ်ကြ၏။ ထိုလယ်များဝယ်ရန် တိုးချဲ့ရန် ချစ်တီးထံမှ ငွေချေးကြရ၏။

နောက်ဆုံး၌ မြန်မာသည် ချစ်တီးများထံမှ နှစ်စဉ် သန်းပေါင်း ၇၅၀–၈၀၀ အထိ ချေးရ၏။ ထိုနှစ်စဉ် ချစ်တီးများထံမှ ချေးရသော ငွေသန်းပေါင်း ၇၅၀–၈၀၀ အနက် သန်းပေါင်း ၅၀၀ ကျော် ၆၀၀ မှာ၊ လယ်ယာစိုက်ပျိုးရေးအတွက် ဖြစ်လေသည်။ ငွေတစ်ရာ ခေါင်းတွင်၊ တစ်နှစ်လျှင် ငွေ ၅ ကျပ် မြတ်က၊ ငွေသန်းပေါင်း ၇၅၀ အတွက် ငွေပေါင်း ၃၇ သန်းခွဲ နှစ်စဉ် မြန်မာတို့သည် ချစ်တီးများကို အခွန်ဆက်သနေကြရ၏။

ဘဏ်က မြန်မာကို ငွေမချေးဘဲ ချစ်တီးကို ငွေထုတ်ချေးခြင်းအားဖြင့် မြန်မာတို့သည် မည်မျှနစ်နာဆုံးရှုံးကြသည်ကို အထူးချဲ့ထွင်ရေးရန်မလို။

ချစ်တီး၏ ငွေချေးသော စနစ်အရ၊ မြန်မာလယ်သမားတို့ နစ်နာခြင်းများမှာ။

(က) ဘဏ်တိုးထက်ကြီးသော ငွေတိုးပေးရခြင်း။

(ခ) နှစ်စဉ်၊ အသားတင် အမြတ်ငွေ ၃၇ သန်းခွဲလောက်ကို အိန္ဒိယပြည်သို့ ရောက်ရခြင်း။

(ဂ) ချစ်တီးများက သုံးနှစ်တစ်ကြိမ် စာရင်းရှင်းသဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း မပြီးပြတ်မီ ချစ်တီးငွေကို ရှင်းရသောကြောင့် လယ်လုပ်ငန်းကို ထိခိုက်ခြင်းနှင့်။

(ဃ) လယ်ပိုင်ယာပိုင်နှင့် ပစ္စည်းရှိသော လယ်သမားတို့ကို လိုသည်ထက် ပို၍ အပေါင်ပစ္စည်းနှင့် ချစ်တီးတို့က ငွေချေးသဖြင့် လယ်ယာနှင့် အခြားပစ္စည်းများ ချစ်တီး

mgyoe.com

mgyoe.com


များထံတွင် ဆုံးရှုံးရခြင်းတို့မှာ အဖြစ်အပျက်အမှန်တို့ ဖြစ်၏။

ပဲခူး၊ သာယာဝတီ၊ ဟံသာဝတီ၊ အင်းစိန်၊ ပြည်၊ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်၊ ဖျာပုံ၊ သထုံ၊ ကျိုက္ကမိနှင့် တောင်ငူတို့တွင် လယ်မြေများ ချစ်တီးထံသို့ရောက်ရှိသော ရာခိုင်နှုန်းဇယားမှာ အောက်ပါအတိုင်း ဖြစ်၏။

| နှစ် | လယ်မြေဧက | လယ်မလုပ်သော လယ်ပိုင်ရှင် | ချစ်တီးများပိုင်မြေ | ချစ်တီးပိုင် ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁၉၃၀ | ၉,၃၄၉,၀၀၀ | ၂,၉၄၃,၀၀၀ | ၅၇၀,၀၀၀ | ၁၉ % |
| ၁၉၃၇ | ၉,၆၅၀,၀၀၀ | ၄,၉၂၉,၀၀၀ | ၂,၄၄၆,၀၀၀ | ၅၀ % |

အထက်ပါဇယားကို ကြည့်ခြင်းအားဖြင့် စီရင်စု ၁၃ စုတွင် ရှိသော လယ်မြေဧက ၉ သန်းကျော်အနက် လယ်မလုပ်သော လယ်ပိုင်ရှင်များလက်ထဲတွင် ၄ သန်းကျော်ဧက ရောက်ရှိနေပြီ၊ ၎င်းအထဲမှ ချစ်တီးများ လက်ထဲတွင်ရှိသော မြေဧကမှာ ၂ သန်း ၄ သိန်းကျော် ဖြစ်၏။

## (ဂ) အိန္ဒိယကိုလိုနီ

အိန္ဒိယများ၊ မြန်မာပြည်သို့ ရောက်လာသဖြင့် မြန်မာလယ်သမားများ လယ်အလုပ်ကို လုံလောက်စွာ မလုပ်ကြရ၊ မြန်မာပြည်ရှိ လယ်မြေများကို၊ တို့မြန်မာတို့သည် စေ့စေ့ငငၢ မလုပ်ကိုင်နိုင်ကြသော်လည်း ဒေယျဝတီနှင့် ကျောက်တံတား စသော ဂရန်မြေများတွင် ထောင်ပေါင်းများစွာသော မြေဧကတို့ကို ကုလားသို့ အစိုးရက ပေး၍ လယ်လုပ်စေခဲ့၏။ မြန်မာပြည်တွင် ယင်းကဲ့သို့ အိန္ဒိယကိုလိုနီများကို တည်ထောင်စေခဲ့၏။

mgyoe.com

mgyoe.com


မြန်မာလူမျိုးတို့သည် ဘာသာအယူဝါဒ၊ စကားအလေ့အထတို့ တူညီကြသော်လည်း အိန္ဒိယတို့မှာ ထိုကဲ့သို့မဟုတ်။

ယင်းကဲ့သို့ အိန္ဒိယများကို တသီးတခြား ကိုလိုနီသဘော မြန်မာပြည်တွင် အလုပ်လုပ်စေခြင်းမှာ ငါတို့နှင့် သွေးခွဲခြင်းပေလောဟု စဉ်းစားစရာ ဖြစ်၏။

ဤကဲ့သို့ အိန္ဒိယများ အစုအဝေးနှင့် မြန်မာပြည်တွင် လယ်မြေများကို လုပ်ကိုင်ရခြင်းမှာလည်း ဗြိတိသျှခနရှင်တို့၏ ပေါ်လစီအတွက်ပင် ဖြစ်၏။

❒

mgyoe.com

mgyoe.com

# အခန်း (၂)
# အခွန်တော်

## (၁) လူခွန်နှင့် သဿမေဒ

ကမ္ဘာပေါ်တွင်ရှိကြသော မည်သည့်အစိုးရတို့မဆို လူခွန်နှင့် သဿမေဒတို့ကို မကောက်ကြ၊ သို့သော် မြန်မာရှင်ဘုရင် အုပ်စိုးနည်းစနစ်၏ အမွေအဖြစ်နှင့် ဗြိတိသျှတို့က ထိုအခွန်တို့ကို ဆက်လက်၍ ကောက်ခံခဲ့ကြ၏။ အမှန်မှာ မြန်မာမင်းလက်ထက်က ယခု ဗြိတိသျှ အစိုးရတို့လောက် အခွန်အတုတ်များ မများပြားချေ။ ယခုအခါမှာမူ တိုက်ရိုက်ခွန်၊ သွယ်ဝိုက်သောအခွန်ဟူ၍ အမျိုးမျိုး မြန်မာတို့သည် ပေးဆောင်နေကြရ၏။ လူခွန်နှင့် သဿမေဒခွန်တို့မှာ၊ ကျေးရွာနေ မြန်မာဆင်းရဲသားတို့ တိုက်ရိုက်ပေးဆောင်ရသော အခွန်များ ဖြစ်လေသည်။

ထိုအခွန်များနှင့် ပတ်သက်၍ မြန်မာတစ်ပြည်လုံး၊ နိုင်ငံရေး အစည်းအဝေးများ၊ ဆူပူမှုများ ပြုလုပ်ကြရာ၊ နောက်ဆုံး၌ ဝံသာနုအသင်း များသည် မတရားအသင်းများဟု ကြေညာခြင်းခံခဲ့ရ၏။ ထိုအခွန်တို့ကို

mgyoe.com

mgyoe.com


ကန့်ကွက်ခဲ့သဖြင့် သေနတ်လက်နက်များဖြင့် အထူးဖိနှိပ်ခဲ့ရာ၊ အချို့သော၊ အချို့ဒဏ်ရာရရှိခဲ့ကြခြင်းတို့ကို ခံကြရ၏။

သာယာဝတီမှစ၍ ထကြွသော သူပုန်မှာလည်း ဤလူခွန်တော်၊ သဿမေဒ အခွန်တော်တို့နှင့် ပတ်သက်၍ ဖြစ်ပွားခဲ့၏။ အစိုးရက ထိုထကြွခြင်းကို လက်နက်နှင့် နှိပ်ကွပ်ခဲ့ရာ၊ များစွာ သေကျေပျက်စီးခဲ့ကြလေသည်။ ထိုလူခွန်နှင့် သဿမေဒအခွန်တို့ကို လုံးဝ ဖျက်ပစ်ရမည် ဖြစ်၏။

ထိုထကြွမှုများပြီးမှ လူခွန်နှင့်သဿမေဒကို အစိုးရတို့က ဖျက်သိမ်းရန် စ၍ စီစဉ်၏။ ဤအချက်ကိုထောက်လျှင် မည်သည့်ကိစ္စတို့တွင်မဆို အနစ်နာအဆုံးရှုံးခံမှသာ ဆိုင်ရာတို့က အရေးယူ အသိအမှတ်ပြုကြလေ့ ရှိလေသည်။

## (၂) မြေခွန်တော်နှုန်း မတရားခြင်း

ဗြိတိသျှတို့သည် မြန်မာပြည်ကို ၁၈၂၆ ခုနှစ်ကစ၍ သိမ်းပိုက်အုပ်ချုပ်စဉ်အခါက လယ်မြေမှထွက်သော အသီးအနှံတို့၏ တန်ဖိုး ၁၀ ပုံ ၁ ပုံကို ရှေးမြန်မာရှင်ဘုရင်များလက်ထက်က နှုန်းအတိုင်း သတ်မှတ်၍ ကောက်ခံယူခဲ့ကြ၏။ တစ်နှစ် နှစ်နှစ်လောက် ဆက်လက်၍ မြန်မာရှင်ဘုရင် နည်းစနစ်အတိုင်း ၁၀ ပုံ ၁ ပုံကို လယ်ခွန်အဖြစ်ကောက်ခံပြီးနောက်၊ လယ်မြေမှထွက်သော အသီးအနှံ တန်ဖိုး၏ ၅ ပုံ ၁ ပုံသို့ တိုးတက်၍ ကောက်ခံခဲ့ကြ၏။ ဤနည်းအားဖြင့် တစ်နှစ်နှစ်နှစ်အတွင်းတွင် ဗြိတိသျှတို့သည် မြန်မာရှင်ဘုရင်များ လက်ထက်ကထက် တစ်ဆတိုးတက်၍ လယ်မြေခွန်ကို ကောက်ခံခဲ့၏။ တစ်ဆတိုးတက်၍ ကောက်ခံရာ မကျေနပ်သဖြင့် များမကြာမီအတွင်း လယ်မြေမှထွက်သော ၅ ပုံ ၁ ပုံအစား လယ်မြေမှထွက်သော အသီးအနှံ တန်ဖိုးမှ

mgyoe.com

mgyoe.com


လယ်စရိတ်နှင့် အိမ်စရိတ်တို့ကို နုတ်၍ အကျန် အသားတင်အမြတ်၏ ထက်ဝက်ကို လယ်ခွန်အဖြစ် ကောက်ခံခဲ့ပြန်သည်။ အထက်မြန်မာပြည် အတွက်မှာမူ လယ်စရိတ်နည်းသည်ဆိုပြီး အိမ်စရိတ်မပါဘဲ တကယ့် လယ်စရိတ်အကုန်ကို လယ်ထွက်မှ နုတ်ပြီး ထက်ဝက်ကို မြေခွန်လယ် အဖြစ် သတ်မှတ်ခဲ့၏။ ဤအတောအတွင်း အောက်မြန်မာပြည်ကိုလည်း အထက်မြန်မာပြည်နှုန်းအတိုင်း ပြင်၍ ကောက်ခံခဲ့ပြန်၏။ နောက်မှ တစ်ဖန် လယ်စရိတ် နုတ်၍ အသားတင် အကျန် ၄ ပုံ ၁ ပုံကို အောက် မြန်မာပြည်အတွက် ပြောင်း၍ ကောက်ခံရန် နှုန်းသတ်မှတ်ပြန်၏။

(၃) ကြေးတိုင်

လယ်မြေခွန် သတ်မှတ်ရန် အစိုးရ၏ ညွှန်ကြားချက်များ၊ စည်းကမ်းများသည် အလွန်ရှုပ်ထွေးပွေလီရာ နောက်ဆုံး၌ ကြေးတိုင် အရာရှိများက ကြေးတိုင်စိုက်၍ သတ်မှတ်ရာတွင် အောက်ပါတို့ကို စဉ်းစား၍ မြေခွန်နှုန်းကို သတ်မှတ်လေ့ရှိကြ၏။

(က) အသီးအနှံတိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်း။
(ခ) ခရီးလမ်း အသွားအလာ၊ လွယ်ကူခြင်း၊ ခက်ခဲခြင်း။
(ဂ) စပါးဈေး အတက်အကျ။
(ဃ) လယ်မြေတန်ဖိုး သီးစားခနှင့်။
(င) ဆက်စပ်လျက်ရှိသော လယ်မြေတို့၏ နှုန်းတို့သည် မြေခွန်နှုန်း များကို သတ်မှတ်ရာတွင် ကြေးတိုင်အရာရှိတို့က စဉ်းစားသော အချက်များ ဖြစ်၏။

မြန်မာပြည်အစိုးရသည် မြေဘက်ဆိုင်ရာတွင် သုံးဌာန ထားရှိ၏။ ၎င်းတို့မှာ ကြေးတိုင်ဌာန၊ မြေစာရင်းဌာနနှင့် အခွန်တော် ကောက် သော ဌာနတို့ဖြစ်ရာ၊ ကြေးတိုင်အလုပ်များမှာ၊ (က) မြေတိုင်းခြင်း၊

mgyoe.com

mgyoe.com


(ခ) မြေခွန်တော်ကောက်ခံရန်တို့အတွက် ဦးပိုင်နံပါတ်နှင့် စာရင်းများထားသည့်အပြင်၊ (ဂ) မြေကို မည်သည့်နှုန်းနှင့် ကောက်ခံရမည်ကိုပါ သတ်မှတ်ကြောင်း၊ လယ်သမားများနှင့် သက်ဆိုင်ဆုံးသော ကိစ္စမှာ ကြေးတိုင်ဌာန၏ မြေခွန်တော်ကို သတ်မှတ်ခြင်းအလုပ် ဖြစ်၏။

## (၄) လယ်မြေခွန်နှင့် အမြတ်တော်ကြေးခွန်

မြန်မာပြည်တွင် ကောက်ခံနေသော လယ်မြေခွန်နှုန်းကို အခွန်နှုန်း စည်းကြပ်သော စည်းကမ်းနှင့် နှိုင်းယှဉ်ပါက အထူးမတရားချေ။

အခွန်စည်းကြပ်ရာတွင် ညီမျှခြင်းကို အခြေခံထားရမည် ဖြစ်သော်လည်း လယ်မြေခွန်နှုန်း စည်းကြပ်ရာတွင် လူဆင်းရဲနှင့် လူချမ်းသာကို တစ်ပြေးတည်း ထားလေသည်။ လယ် ၅ ဧကကိုလည်း လယ်ဧက ၅၀၀ ကို ကောက်သော နှုန်းအတိုင်း ကောက်၏၊ အမြတ်တော်ကြေးကောက်ရာတွင် ငွေအနည်းဆုံး မည်မျှက ကျော်လွန်မှ ကောက်ခံရမည်ဟု စည်းကမ်း သတ်မှတ်ထားသော်လည်း လယ်မြေခွန်တွင် ထိုကဲ့သို့ကန့်သတ်ချက် မရှိ၊ နောက်ဆုံး၌ အောက်မြန်မာပြည်တွင် အလကားထားသော မြေလွတ်ကိုပင် တစ်ဧက ၂ ပဲနှုန်းနှင့် ကောက်ခံသေး၏။

အမြတ်တော်ကြေး ကောက်ခံရာတွင် ငွေမည်ရွေ့မည်မျှက ကျော်လွန်မှ မည်သည့်နည်းနှုန်း စသည်ဖြင့် ငွေများက များသလောက်၊ နည်းက နည်းသလောက် နှုန်းထားကို ပြောင်းရွှေ့၍ စည်းကြပ်၏။

အခွန်စည်းကမ်းသည် တရားနိုင်သမျှ တရားရမည် မှန်သော်လည်း လယ်ခွန်စည်းကမ်းနှင့် အမြတ်တော်ကြေး စည်းကမ်းတို့ကို နှိုင်းယှဉ်လိုက်က လယ်ခွန်နှုန်း မတရားကြောင်းမှာ ပိုမို၍ ထင်ရှားလာ၏။

mgyoe.com

mgyoe.com


(၅) လယ်ခွန်နှုန်းနှင့် ဆန်စပါးဈေး

၁၀ နှစ် ၁၅ နှစ်အတွက် တစ်ခါတည်း လယ်ခွန်ကို သတ်မှတ်ထားရာ စပါးဈေးအတက်အကျ လယ်မြေတန်ဖိုး အတက်အကျတို့နှင့် အရှုံးအမြတ်တို့အတွက် ကာကွယ်သော စည်းကမ်းချက်များ မရှိချေ။ ယခု ၁၀ နှစ် ၁၅ နှစ်အတွင်းတွင် စပါးဈေးသည် အထူးကျခဲ့သဖြင့် လယ်မြေတန်ဖိုးတို့သည် ရှေး ၁၅ နှစ်လောက်ခန့်ကထက် တစ်ဝက်ခန့် လျော့ကျခဲ့ပြီ ဖြစ်၏။ လွန်ခဲ့သော ၁၅ နှစ်ခန့်က ကြေးတိုင်ပြဋ္ဌာန်းထားသော နှုန်းအတိုင်း ယခုတိုင် လယ်ခွန်တို့ကို စည်းကြပ်လျက်ရှိ၏။ နောင်ကိုလည်း မည်မျှကြာရှည်စွာ ယခုအတိုင်း ဆက်လက်၍ စည်းကြပ်ဦးမည်ကို မသိရပေ။

(၆) လယ်မြေပေါ်တွင် ကောက်သော အခွန်နှုန်း နည်းရမည်

"လယ်မြေနှင့် နိုင်ငံရေး" ဟူသော စာအုပ်ကို ရေးသော စီ၊ ဒမ်ပီရာ၊ ဝက်သန်၏ အလိုမှာ လယ်မြေပေါ်တွင် ကောက်သော အခွန်သည် ပေါ့နိုင်သမျှ ပေါ့ရမည့်အပြင် အခြား အလုပ်အကိုင် လုပ်ငန်းများအပေါ်တွင် ကောက်သောအခွန်နှုန်းထက် နည်းရမည်ဟု ဆိုထား၏။ သို့သော် မြန်မာပြည်အတွက်မှာမူ ပြောင်းပြန်ဖြစ်ပြီး လယ်ခွန်တော်နှုန်းသည် အခြားလုပ်ငန်းများအပေါ်တွင် ကောက်သော နှုန်းထက် အဆပေါင်းများစွာ များလျက်ရှိ၏။ လယ်မြေအလုပ်မှာ ရာသီဥတုနှင့်တကွ မသေချာသော အခြေအနေတို့အပေါ်တွင် တည်ရှိသော အလုပ်ဖြစ်သဖြင့် အခွန်နှုန်းမှာ နည်းနိုင်သမျှ နည်းရမည် ဖြစ်၏။

မြန်မာပြည်အစိုးရ၏ ဘဏ္ဍာတော်တွင် လယ်မြေခွန်သည် အများဆုံးသော ဘဏ္ဍာ ဖြစ်၏။ ဗြိတိသျှနိုင်ငံတွင် တည်ထောင်၍ ဗြိတိသျှ အရင်းအနှီးနှင့် လုပ်ကိုင်နေသော ဆန်စပါး၊ ကျွန်းသစ်၊ ရေနံ၊

mgyoe.com

ဓာတ်သတ္တု ကုမ္ပဏီများ၏ အမြတ်တို့အပေါ်မှ မြန်မာပြည်အစိုးရက အခွန်အကြီးဆုံး ကောက်ရန် ကြံစည်သင့်ပြီ ဖြစ်၏။

## (၇) အခွန်ထမ်းဆောင်သူက အခွန်ကို နားလည်ရမည်

ငင်းပြင် အခွန်စည်းကြပ်ရန် မူတစ်ခုမှာ အခွန်အကောက်ခံရသူတို့က အခွန်ကောက်ခံခြင်း၏ သဘောကို နားလည်နိုင်သမျှ နားလည်နိုင်ရန် လွယ်ကူရှင်းလင်းရမည် ဖြစ်၏။ ယခုအခါတွင်မူ အခွန်ကောက်ခံသူများ ကိုယ်တိုင်ပင် အခွန်စည်းကြပ်ရာ၌ တစ်ဦးနှင့်တစ်ဦး သဘောမတူနိုင်ကြောင်းများကို တွေ့ရှိရ၏။ အခွန်အကောက်ခံရသူများအတွက်မှာမူ နားလည်နိုင်ရန် မဖြစ်ကောင်းသောအရာ ဖြစ်လျက် ရှိ၏။ လယ်ခွန်တော် စည်းကြပ်သတ်မှတ်ရာ၌ မည်သည့်ကြေးတိုင်အရာရှိနှစ်ဦးမဆို သဘောတူရန် ခဲယဉ်း၏။

လယ်ခွန်ကို လယ်ပိုင်ရှင်က ပေးရသော်လည်း အမှန်မှာ လယ်လုပ်သူ သီးစားခတွင် တစ်ပါတည်း လယ်ခွန်ကို ထည့်၍ ပေးရသဖြင့် လယ်ခွန်ကြီးလေးခြင်းသည် လယ်လုပ်သူကို ခေါင်းမဖော်နိုင်လောက်အောင် ထိခိုက်နစ်နာလေသည်။ သို့အတွက် ယခုလက်ရှိ မတရားသော လယ်ခွန်နှုန်းကို အမြန်ဆုံး ပြောင်းလဲပစ်ရမည် ဖြစ်သည်။

မြန်မာပြည်အစိုးရသည် လက်ရှိမတရား၊ မညီမျှသော လယ်ခွန်ကောက်သော စနစ်ကို လယ်ယာကိုင်းကျွန်း လုပ်ကိုင်သော အလုပ်သမားအတွက် ရှေးဦးစွာ မပြုပြင်ဘဲ သီးစားခကို ပိုင်းဖြတ်ရန် ကြံစည်ခြင်းမှာ ဆေးမှားပေးသော ဆေးဆရာကဲ့သို့ လူနာဖြစ်သော လယ်သမား ဆင်းရဲသား လူထုကြီး အသက်သေရန်သာ ရှိတော့၏။ သို့အတွက် ဆေးချက်မစူးရှမီ လူနာအသက်ရှင်ရန် အရင်းဖြစ်သော လယ်မြေအခွန်နှုန်းကို အခြားလုပ်ငန်းများအပေါ် ကောက်သော အခွန်နှုန်းထက်

mgyoe.com

mgyoe.com


နည်းရန်ကို ပြုပြင်ထိုက်၏။ သီးစားခပေးရာတွင် လယ်ခွန်ပါ တစ်ပါတည်းပါလျက်နေကြောင်းကို မြန်မာပြည်အစိုးရ အထူးသတိပြုစေလိုသည်။

## (ဂ) လယ်ခွန်ကို အမြတ်တော်ကြေးနှုန်းသို့ ပြောင်းရန်

လယ်ခွန်ကို အမြတ်တော် ကြေးနှုန်းအရ လယ်ပိုင်ရှင်များက သီးစားခအပေါ်တွင် အတည်ပြု၍ ပေးရမည်ဆိုက လယ်သမား ဆင်းရဲသား လူထုကြီးမှာ ထိုဝန်လေးကြီးမှ အထူး သက်သာသွားမည် ဖြစ်၏။ အမှန်မှာ သီးစားခနှုန်းပေါ်တွင် အခြေထား၍ လယ်ခွန်ကို စည်းကြပ်ထိုက်၏။ ဥပမာ လယ်ပိုင်ရှင်သည် တစ်ဧကလျှင် တစ်နှစ်အတွက် ၃-၃-၈ သီးစားခရရှိက၊ အမြတ်တော်ကြေးနှုန်းအတိုင်း ငွေ ၁ ကျပ်လျှင် ၁ ပဲဖြစ်စေ၊ ၂ ပြားဖြစ်စေ၊ ထိုသီးစားခ ၃-၃-၈ အပေါ်မှာ အစိုးရကို လယ်ပိုင်ရှင်က လယ်ခွန်အဖြစ်ပေးထိုက်၏။ ထိုနှုန်းမှာ အများဆုံးနှုန်း ဖြစ်ထိုက်၏။

အမြတ်တော်ကြေးဌာနက လယ်ပိုင်ရှင်များရသော သီးစားခ ငွေပေါ်မှ လယ်ခွန်ကောက်က အထူးလွယ်ကူမည့်အပြင် အစိုးရအတွက် စရိတ်လည်း အကုန်သက်သာမည် ဖြစ်၏။ မြေခွန်တော် သတ်မှတ်ကောက်ခံရန်အတွက် ကြေးတိုင်ဌာန၊ မြေစာရင်းဌာနများအတွက်လည်း ယခုကုန်နေသော စရိတ်တို့ကို လိုသည်ထက် ပို၍ကုန်ကြရန် အကြောင်း မရှိတော့ပေ။

မြန်မာပြည်အစိုးရ၊ ယခုကောက်ခံသော မြေခွန်မှာ နိုင်ထက်စီးနင်း စည်းကြပ်ကောက်ခံနေသော အခွန် ဖြစ်၏။

◻

mgyoe.com

mgyoe.com

## အခန်း (၃)
## လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဘဏ္ဍာရေး

လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ငွေရေးကြေးရေးဆိုရာ၌ လယ်ယာကိုင်းကျွန်းအတွက် အရင်းအနှီးစရိတ်စက၊ ကုန်စရိတ်တို့ကို ဆိုလို၏။ ဓနရှင်လောကကြီးတွင် ဓနအရင်းနှင့် အကြွေးယူနိုင်သော အရည်အချင်းမရှိက၊ မည်သည့်အလုပ်ကိုမဆို မလုပ်နိုင်ချေ။ မြန်မာလယ်သမားတို့ အထူးနစ်နာဆုံးရှုံးရခြင်း၏ အကြောင်းကြီး တစ်ခုမှာ လယ်လုပ်ငန်းအတွက် ငွေကိုအနည်းဆုံး အတိုးနှင့် လိုသည်ထက် မပိုဘဲ အလွယ်တကူရရှိသုံးစွဲနိုင်ရန် ဖြစ်၏။ ထိုစည်းကမ်းအတိုင်း ငွေရရှိရန်မှာ မလွယ်ကူပေ။

အခန်း ၁၊ အပိုဒ် ၇ တွင် ငွေချေးသောလုပ်ငန်းကို ရေးသားခဲ့၏။ ထိုငွေချေးသော လုပ်ငန်းအရ၊ မြန်မာဓနရှင်လေးများ၊ ချစ်တီးများနှင့် စပါးပေး စနစ်တို့ကို ဖော်ပြခဲ့သည်။ ထိုစနစ်တို့အရ စပါးပေးစည်းကမ်းသည် မတရားဆုံး ဖြစ်၏။ ငွေ ၁ ကျပ်ယူက ငွေ ၂ ကျပ်ပြန်ပေးရသော စည်းကမ်း ဖြစ်၏။ ထိုစည်းကမ်းအရ ချေးရသော သူများမှာ ကိုယ်ပိုင်ပစ္စည်းမရှိကြသော လယ်လုပ်သားတို့သာ များကြ၏။ အတိုး

mgyoe.com

mgyoe.com


နှင့်အရင်းကို ပြန်ရရန် မသေချာက၊ အတိုးနှုန်းမှာ အထူးကြီးလေးခြင်းမှာ ငွေချေးသော မူတစ်ခု ဖြစ်လေသည်။

ခေတ်မီသော ဘဏ်စည်းကမ်းတို့၏အကျိုးကို မမှီဝဲ မဆည်းကပ်ရသော မြန်မာလယ်သမားတို့သည် မြန်မာစနေရှင် ချစ်တီးတို့၏ ဝန်မှ မလွတ်မြောက်ကြချေ။ အမှန်မှာ ထိုသူတို့သည် ကြွေးသံသရာတွင် တဝဲလည်လည်နှင့်သာ နေကြရ၏။ ချစ်တီးနှင့် မြန်မာစနေရှင်ပေါက်စကလေးတို့ကို လုပ်ကျွေးရသော အခြေမှ မတက်ကြရချေ။

## (၁) အမတော်ငွေ

ထိုကြွေးသံသရာမှ လွတ်မြောက်ရန် အစိုးရတို့က အမတော်ငွေဥပဒေအရ ငွေထုတ်ချေး၏။ ထိုငွေမှာ လယ်ပိုင်ရှင်နှင့် လယ်လုပ်သမားတို့အား မျိုးစေ့ဝယ်ရန်၊ ကျွဲနွားငှားရန်နှင့် အခြား လယ်စရိတ်များအတွက် ဆိုင်ရာမြို့နယ်ရှိ၊ မြို့အုပ်များက ထုတ်ပေးရ၏။ ထိုဥပဒေ၏ မူလရည်ရွယ်ချက်မှာ ဒုက္ခဖြစ်သော လယ်သမားများကို ကူညီရန် ဖြစ်၏။ ထိုဥပဒေအရ ထုတ်ချေးသောငွေမှာ နှစ်စဉ် ပျမ်းမျှကြေးအားဖြင့် တစ်သန်းလောက် ရှိလေသည်။

အမတော်ငွေချေးခြင်းနှင့် ပတ်သက်၍ အခက်အခဲများမှာ ကျေးရွာများတွင် နေထိုင်ကြသော လယ်သမားတို့သည် အလွန်ဝေးကွာသော မြို့အုပ်ရုံးသို့ ခဏခဏ မလာရောက်နိုင်သည့်အပြင် မြို့အုပ်များကလည်း လယ်သမားများ လိုသလောက် ငွေကို အလွယ်တကူနှင့် ထုတ်မချေးကြချေ။ သို့အတွက် ထိုငွေချေးခြင်းနှင့် ပတ်သက်၍ အထူး မကျေနပ်ထိုက်ပေ။

ဤငွေချေးသောကိစ္စနှင့် ပတ်သက်၍ တစ်ခု သတိပြုရန်မှာ အခန်း ၁ တွင် ဖော်ပြခဲ့သော အချက်ပင် ဖြစ်၏။ လယ်ယာစိုက်ပျိုး

mgyoe.com

mgyoe.com


ရေးအတွက် နှစ်စဉ် ချစ်တီးများထံမှ သန်းပေါင်း ၅၀၀ မှ ၆၀၀ အထိ ငွေချေးနေရရာ ထိုဥပဒေအရ အစိုးရက ထုတ်ချေးသောငွေမှာ နှစ်စဉ် တစ်သန်းမျှသာဖြစ်သဖြင့် အမတော်ငွေထုတ်ချေးခြင်းမှာ အရာမရောက် ပေ။ အမှန်မှာ ဆင်ပါးစပ်နှမ်းပက်သကဲ့သို့သာ ဖြစ်၏။ အစိုးရက လယ်သမားများကို ငွေထုတ်ချေးသည် ဟူသော အမည်လောက်သာ ခရီးရောက်၏။ သို့အတွက် ထိုနည်းဥပဒေအရ လယ်သမားများ လို သလောက်ငွေကို အစိုးရက ထုတ်ချေးရန် လယ်သမားတို့က တောင်းဆို သင့်၏။ အစိုးရကလည်း လယ်သမားများအတွက် နှစ်စဉ် မည်ရွေ့မည် မျှ ထိုဥပဒေအရ ထုတ်ချေးမည်ဟု ဘတ်ဂျက်စာရင်းတွင် ထည့်သွင်း ထိုက်၏။ လယ်မြေမှ အများဆုံး အခွန်အတုတ်ယူနေသော အစိုးရသည် လယ်မြေအတွက် အနည်းဆုံး ဘဏ္ဍာငွေကို အသုံးပြုနေခြင်းမှာ အထူး ကန့်ကွက်ထိုက်၏။

နှစ်စဉ် အစိုးရက ထိုဥပဒေအရ ထုတ်ချေးသော ငွေမှာ အောက်ပါ အတိုင်း ဖြစ်၏။

| နှစ် | ထုတ်ချေးငွေ | ပြန်၍ရငွေ |
|---|---|---|
| ၁၉၃၀–၃၁ | ၉,၅၅,၂၉၈ | ၁၀,၂၈,၇၅၁ |
| ၁၉၃၁–၃၂ | ၄၅,၉၁,၅၃၉ | ၁၈,၇၇,၂၅၆ |
| ၁၉၃၂–၃၃ | ၁၅,၉၂,၅၄၃ | ၂၀,၁၇,၅၆၂ |
| ၁၉၃၃–၃၄ | ၈,၅၄,၂၅၀ | ၁၉,၁၁,၄၈၇ |
| ၁၉၃၄–၃၅ | ၃,၉၄,၂၁၉ | ၁၅,၇၀,၇၈၆ |
| ၁၉၃၅–၃၆ | ၃,၅၉,၉၂၇ | ၁၁,၆၈,၃၈၇ |
| ၁၉၃၆–၃၇ | ၄,၈၀,၃၆၇ | ၈,၅၄,၅၂၇ |

mgyoe.com

mgyoe.com


(၂) ကြီးပွားတိုးတက်ရေး ရန်ပုံငွေ

လယ်သမားများ ကြီးပွားတိုးတက်ရေး ရန်ပုံငွေမှ လယ်သမားအား ငွေချေးနိုင်သော အက်ဥပဒေတစ်ခုရှိ၏။ ထိုဥပဒေအရ လယ်မြေများကို တိုးတက်ကောင်းမွန်ရန်၊ ရေတွင်းရေကန်တူးခြင်း၊ တူးမြောင်းလုပ်ခြင်း၊ ရေမြောင်းလုပ်ခြင်း၊ ရေလွှတ်ခြင်း၊ ရေလှောင်ခြင်း၊ လယ်မြေပြုပြင်ခြင်းတို့အတွက် တစ်နှစ်လျှင် ငွေ ၁၀၀ ခေါင်းတွင် ၆ ကျပ် ၄ ပဲ ကျနှင့် ထုတ်ချေး၏။ ထိုဥပဒေအရ ချေးသော ငွေမှာ ၃၅ နှစ်အတွင်း ပြန်ဆပ်နိုင်၏။

ထိုဥပဒေမှာ လူသိမများကြောင်း ထိုဥပဒေအရ ငွေချေးရန်လျှောက်ထားသောအခါ ဆိုင်ရာတို့က ဥပဒေ၏ ရည်ရွယ်ချက်အရ၊ ငွေချေး၊ မချေး အစရှိသည်တို့ကို စုံစမ်းစစ်ဆေးနေခြင်းမှာ အထူး နှောင့်နှေး၏။ သို့အတွက် ထိုဥပဒေအရ ထုတ်ချေးသော ငွေများမှာ အထူးနည်းလေသည်။ ထိုဥပဒေအရ နှစ်စဉ်ထုတ်ချေးသော ငွေပေါင်းမှာ၊ ပျမ်းမျှခြင်းအားဖြင့် ငွေနှစ်ထောင်လောက်သာ ရှိ၏။ လယ်မြေ ပြုပြင်ကောင်းမွန်ရေးအတွက် လိုသလောက်ငွေကို အစိုးရတို့က လယ်သမားများအား ထုတ်ချေးရန် မြန်မာလယ်သမားတို့က ဆူပူတောင်းဆိုကြရမည်ဖြစ်၏။

(၃) သမဝါယမ

၁၉၀၄ ခုနှစ်၊ သမဝါယမအသင်း အက်ဥပဒေအရ၊ သမဝါယမအသင်းများ၊ မြန်မာပြည်တွင် တည်ထောင်ကြ၏။ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သမဝါယမ ငွေစုငွေချေးအသင်းများသည် တည်ထောင်စကအထူးတိုးတက် များပြားလေသည်။

၁၉၁၅ ခုနှစ်တွင်၊ ၁,၂၅၂ သင်း၊

mgyoe.com

mgyoe.com


၁၉၂၀ ခုနှစ်တွင်၊ ၃,၃၁၉ သင်း၊

၁၉၂၅ ခုနှစ်တွင်၊ ၄,၀၅၇ သင်းအထိ တိုးတက်လာပြီး၊ ၁၉၃၅ ခုနှစ်တွင်၊ ၁၃၇၁ သင်းသို့ ပြန်၍ လျော့ကျသွားရ၏။ အကြောင်းများမှာ အကျယ်အား၊ အထူးများပြားကြောင်း၊ ၁၉၂၉ ခုနှစ်တွင် အစိုးရင်ခံစာ တင်သွင်းသည့်ကာလ ဘဏ်ဆပ္ပကော်မတီ အဆိုအရ ဘဏ်အလုပ်နှင့် အလေ့အထမရှိကြသောသူများက ဘဏ်အလုပ်ကို လုပ်ခြင်း၌ မအောင် မြင်ကြောင်းကို အဓိက ရေးသားထားပြီး၊ သမဝါယမဌာနက မိမိတို့ ပိုင်ပိုင်နိုင်နိုင် မစွမ်းနိုင်သော အကြောင်းများအဖြစ် ဖော်ပြထား၏။ မြန်မာ ပြည် သမဝါယမဘဏ်ကို ရှင်းပစ်ရန်၊ ထိုကော်မတီက အကြံဉာဏ်ပေး သည့်အတိုင်း ၁၉၃၂ ခုနှစ်တွင် အစိုးရက စီမံခဲ့၏။ ထိုကိစ္စအတွက် အစိုးရက ၅၈ သိန်းနီးနီး စိုက်၍ ကြွေးဆပ်ခဲ့ရပြီး၊ မြေဧက ၄၀ဖော လောက်ကို ကြွေးဆပ်ရသည့်အစား ရရှိခဲ့၏။

## (၄) သမဝါယမစနစ်အသစ်

သမဝါယမအသင်းများကို ပြန်လည်ထူထောင်ရန် စနစ်သစ် တစ်ခုကို တီထွင်၏။ ထိုစနစ်အရ ကြွေးမြီဟောင်းများအတွက် လယ်မြေ တို့ကို အသိမ်းခံရက အသိမ်းခံရသော လယ်မြေတန်ဖိုးအတိုင်းသာ ကြွေးကို သတ်မှတ်ပြီး ထိုကြွေးကို ၁၅ နှစ်အတွင်း၊ အရစ်ကျ တစ်နှစ် အတွက် ၃ ကျပ် ၁၂ ပဲနှုန်းနှင့် လယ်မြေကိုလုပ်ပြီး ပြန်ဆပ်ရန်ကို စီမံ ၏။ ထိုစီမံချက်မှာ ကြွေးတင်နေသော လယ်ပိုင်ရှင်၊ လယ်လုပ်သားကို အထူးညှာတာသော စီမံချက်ဖြစ်သည့်အပြင် အစိုးရ လက်ထဲတွင် ရောက်ရှိနေသော လယ်မြေများကို ပြန်၍ ရောင်းချသော နည်းစနစ် ဖြစ်၏။ ထိုစနစ်အရ၊ အလုပ်လုပ်ကြည့်ရာ ထမြောက် အောင်မြင်သည် ဟု သိရှိရ၏။

mgyoe.com

mgyoe.com


၁၉၃၇ ခုနှစ်၊ မြန်မာပြည် သမဝါယမအသင်း အလုပ်သမားများ၏ အစီရင်ခံစာအရ သိရှိရသည်မှာ အသစ်ထူထောင်သော နည်းစနစ်အရ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ငွေစုငွေချေးအသင်းများသည် ၁,၃၉၈ သင်းမှ ၁,၄၈၅ သင်းအထိ တိုးတက်လာကြောင်းကို တွေ့ရှိရ၏။ အသင်းသားများ ဆပ်ရန်ရှိသောငွေမှာလည်း ၅၄ သိန်းမှ သိန်း ၅၀ သို့ လျော့ကျသွား၏။ ၁၉၃၆–၃၇ ခုတွင်၊ ကြွေးနှင့် သိမ်းထားသော လယ်ဧက ၇၅,၃၄၇ ရှိရာ၊ ၁၉၃၈ ခုနှစ်တွင် ၆၇,၁၉၈ ဧကသို့ ယုတ်လျော့သွား၏။

အထက်ပါအချက်တို့ကို ထောက်၍ လယ်ယာစိုက်ပျိုးရေး ကိစ္စကို ကူညီရန် သမဝါယမအသစ် ထူထောင်သော နည်းစနစ်အရ အမတော်ငွေနှင့် အသီးအနှံ ရန်ပုံငွေမှ အစိုးရက လယ်သမားများအား လုံလောက်သော ငွေကို ထုတ်ပေးထိုက်၏။ သမဝါယမနည်းအရ၊ ငွေချေးခြင်းမှတစ်ပါး၊ အပြင်တွင် အတိုးကြီးကြီးနှင့် မချေးငှားနိုင်ရန်ကိုလည်း နောင်ကို ပြုလုပ်ထိုက်၏။ ၁၉၃၈–၃၉ ခုနှစ်တွင်၊ အစိုးရက ဘတ်ဂျတ်စာရင်းတွင် သမဝါယမအသင်းများသို့ ချေးရန် ငွေသတ်မှတ်ထားခြင်းမှာ တိုးတက်လာသည်ဟု ဆိုရမည်။ နှစ်စဉ် ထိုကဲ့သို့ တိုးတက်၍ ဘတ်ဂျက်တွင် သတ်မှတ်ထိုက်၏။

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်လုပ်သော လုပ်သားများ၏ တိုးတက်ချောင်ချိရန်မှာ လယ်စရိတ်၊ စားစရိတ်တို့ကို လိုသလောက် အတိုးအနည်းဆုံးနှင့် ရမှသာဖြစ်ရာ၊ သမဝါယမနည်း၏ အကျိုးကျေးဇူးများကို မြန်မာလယ်သမားတို့ ခံစားထိုက်လေသည်။ ထိုနည်း၏ အကျိုးကို ခံစားနိုင်ရန် သမဝါယမ၏သဘောကို ပျံ့နှံ့ရန်နှင့် အစိုးရတို့၏ အားပေးခြင်းအပေါ်တွင် တည်ရှိ၏။

သမဝါယမလုပ်ငန်းသည် မြန်မာပြည်တွင် တိုးတက်လာပြီး၊ ပြန်၍ ဆုတ်ယုတ်သွားရခြင်းတို့၏ အကြောင်းကြီးတစ်ခုမှာ သမဝါယမ

mgyoe.com

mgyoe.com


အသင်းများ တည်ထောင်စက သမဝါယမဘဏ်များတွင် အပြင်မှ လူများက ငွေပိုငွေလျှံများကို အပ်နှံထားကြ၏။ အထူးသဖြင့် မျက်နှာဖြူ အစိုးရအရာရှိများက အပ်နှံထားခဲ့ကြ၏။ နောက်အသင်းများ တိုးတက်လာရာ ထိုမျက်နှာဖြူအရာရှိကြီးများက မိမိတို့အပ်ထားသည့် ငွေများကို ပြန်ထုတ်နုတ်ကြသဖြင့် အစိုးရက အင်ပီရီယယ်ဘဏ်နှင့် စေ့စပ်၍ ငွေ ၁၄ သိန်းကို သမဝါယမဘဏ်လုပ်ငန်းအား ကူညီခဲ့ရ၏။

သို့အတွက် သမဝါယမလုပ်ငန်းကို အမည်လောက်သာ မထားဘဲနှင့် တကယ်ဆင်းရဲသား၊ တောင်သူလယ်သမားများ အကျိုး ဖြစ်ထွန်းနိုင်ရန် အဘက်ဘက်မှ အကူအညီပေးထိုက်၏။

□

mgyoe.com

mgyoe.com

အခန်း (၄)

# မြန်မာတောင်သူလယ်သမားများ၏ လက်ရှိအခြေအနေ

မြန်မာပြည်အတွင်းရှိ လယ်ယာကိုင်းကျွန်း လုပ်ကိုင်စားသောက်ကြသော တို့မြန်မာအလုပ်သမားတို့၏ အခြေမှာ အထူးဆိုးရွားး၏။ ၎င်းတို့ တွေ့ကြုံနေရသော အခက်အခဲတို့မှာ...

(က) ကိုယ်ပိုင်လယ်မြေများ တဖြည်းဖြည်း မရှိကြသဖြင့်၊ လယ်မြေများကို အငှားလုပ်စားရန်ပင် ကျပ်တည်းခဲယဉ်းလျက်ရှိခြင်း။

(ခ) ကြွေးမြီနှင့် မည်သည့်အခါကမှ မကင်းရှင်းခဲ့သဖြင့်၊ ထိုကြွေးမြီ၏ ဝန်မှ တွန်းလှန်ရန် ၎င်းတို့၏ အခြေအနေနှင့် မကိုက်ညီပါသောကြောင့် မည်သို့ပင် ကြိုးစားအားထုတ်လုပ်ကိုင်ကြပါသော်လည်း ဝမ်းဝရန်၊ ခါးလှရန်ပင် ခဲယဉ်းလျက်ရှိခြင်းတို့မှာ အမှန် ဖြစ်၏။

၎င်းတို့၏လူခြေမှာ၊ မြန်မာပြည်ရှိ လူဦးရေ ရာခိုင်နှုန်း ၁၀ ထက်မနည်းသဖြင့်၊ လယ်ယာကိုင်းကျွန်းနှင့် မှီတင်းနေရသူတို့မှာ မြန်မာ

mgyoe.com

mgyoe.com


တစ်မျိုးလုံးဆိုက မှားမည်မဟုတ်ချေ။ သို့အတွက် တို့မြန်မာဆင်းရဲသား လူထုကြီး၏ ဆိုးရွားသော အခြေကို လျစ်လျူမရှုထိုက်ပေ။

(က) လယ်ယာကိုင်းကျွန်း လုပ်ကိုင်စားသောက်ကြသော တို့မြန်မာ အလုပ်သမားတို့အပေါ်၌ တင်ရှိနေသော ကြွေးမြီများ၏ဝန်မှ လုံးဝ လွတ်ကင်းကြစေရန်။

(ခ) ကိုယ်ပိုင် လယ်ယာကိုင်းကျွန်းများ မရှိကြသော်လည်း၊ နေထိုင်စားသာရှိရန် လုံလောက်သော လယ်မြေကွက်တို့ကို လုပ်ကိုင်စားသောက်နိုင်ရန်၊

(ဂ) လယ်ယာကိုင်းကျွန်းအလုပ်နှင့် ပတ်သက်သော ကိစ္စအရပ်ရပ်တို့ကို ရရှိခံစားဆောင်ရွက်နိုင်ကြရန်တို့မှာ၊ လယ်ယာကိုင်းကျွန်း အလုပ်သမားတို့၏ အလုပ်များ ဖြစ်လေသည်။

## (၁) လယ်ယာကိုင်းကျွန်း အလုပ်သမားတို့၏အား

မြန်မာပြည်တွင် လူဦးရေ ၁၄ သန်း ၅ သိန်းကျော်ရှိရာ၊ လယ်သမားဦးရေသည် လူ ၁၀၀ လျှင် ၆၀ ခန့်ဖြစ်၍ ကိုင်းကျွန်းယာသမားမှာ ၂၀ ရာခိုင်နှုန်းဖြစ်၍ အခြား ကျန်လူဦးရေမှာ ၂၀ ရာခိုင်နှုန်းလောက် ဖြစ်၏။

လယ်ယာကိုင်းကျွန်း မလုပ်သူတို့အနက် ဆန်စပါးမစားဘဲ ဂျုံစားသူတို့မှာ ၅ သိန်းခန့် ပိုပိုမိုမို ရှိ၏။

mgyoe.com